# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၁၄) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်
## (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၄) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ရှိတဲ့အနက် ၄၀၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၃.၉၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့မှာ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ၂၅-၇-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော် ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ရှိပြီး ယခင် ခွင့်ပန်ကြားထားသူ ၁၈ ဦးရှိ၍ ယနေ့ ခွင့်တိုင်ကြားသူ ၈ ဦးရှိပါတယ်။ စုစုပေါင်း

ကိုယ်စားလှယ် ၂၆ ဦးခွင့်တောင်းထားပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ကိုယ်စားလှယ် ၈ ဦးသည် အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းသည် နေမကောင်းပါသဖြင့် ၂၅-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၂) ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးသည် နေမကောင်းပါသဖြင့် ၂၅-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၃) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့်သည် ဦးလေးနာရေးကိစ္စဆောင်ရွက်ရန် အတွက် ၂၅-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၄) ကော့သောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်းသည် ကိုယ်ရေးကိုယ်တာဆောင်ရွက်ရန်ကိစ္စရှိ ပါသဖြင့် ၂၅-၇-၂၀၁၂ ရက် နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၅) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၂၅-၇-၂၀၁၂ ရက်နေ့မှ ၂၇-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက်အဖြစ်လည်းကောင်း၊

(၆) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၂၅-၇-၂၀၁၂ ရက် နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၇) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေးသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၂၅-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၈) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့်သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၂၅-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း ခွင့်တင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ခရီးသွားလာသူများအနေဖြင့် အဆင့်မီ၊ ခေတ်မီသော မော်တော်ယာဉ်များဖြင့် သွားလာနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မူဝါဒတွေ ချမှတ်ပြီးတော့ လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့အတွက် ကျွန်တော့် မေးခွန်းကတော့ (က) ပုဂ္ဂလိက မော်တော်ယာဉ်အသစ်များ ဝယ်ယူနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရ၏ လက်တွေ့ ဆောင်ရွက်မှုများကို အများပြည်သူအသိအမှတ်ပြုနေပြီ ဖြစ်ပါသည်။ သို့သော် ယနေ့အထိ ရန်ကုန်မြို့တော်၌ အများပြည်သူခရီးသွားလာရေး အထူးသဖြင့် ရုံးတက်ရုံးဆင်းအချိန်၌ ပြေးဆွဲလျက် ရှိသော မော်တော်ယာဉ်လိုင်းများသည် ယာဉ်အို၊ ယာဉ်ဟောင်းများကိုသာ ဆက်လက်သုံးစွဲနေဆဲဖြစ်

သောကြောင့် ခရီးသည်များ အခက်အခဲအကျပ်အတည်းများ ကြုံတွေ့နေရပါသည်။ (ခ) အဆိုပါ ယာဉ်အို၊ ယာဉ်ဟောင်းများဖြင့် ယာဉ်လိုင်းများ၌ ပြေးဆွဲနေသောကြောင့် ခရီးသွားလာသူပြည်သူများ အနေဖြင့် အန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်နေရသည်ဖြစ်ရာ ရန်ကုန်မြို့တော်၌ အိမ်နီးချင်းနိုင်ငံများ ကဲ့သို့ အဆင့်မီ၊ ခေတ်မီသော မော်တော်ယာဉ်များဖြင့် မည်သည့်အချိန်တွင် သွားလာနိုင်ရေးအတွက် ဆောင်ရွက်ပေးပါမည်နည်း။ (ဂ) အဆိုပါမော်တော်ယာဉ်များဖြင့် မော်တော်ယာဉ်လိုင်းများ ပြေးဆွဲနိုင် ရန် ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု နိုင်ငံခြားအကူအညီနှင့် အထောက် အပံ့များရယူပြီး ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါသည်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် မေးမြန်းသည့်မေးခွန်းအတွက် ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်မှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့တွင်း Bus ကားလိုင်းများမှာရှိတဲ့ ယာဉ်များမှာ ယာဉ်ဟောင်းများဖြင့် ပြေးဆွဲနေတဲ့အတွက်ကြောင့် ခရီးသွားပြည်သူလူထုအနေနဲ့ အန္တရာယ်အမျိုးမျိုးကိုရင်ဆိုင်နေရသဖြင့် ရန်ကုန်မြို့တော်၌ အိမ်နီးချင်းနိုင်ငံများကဲ့သို့ အဆင့်မီ၊ ခေတ်မီသော မော်တော်ယာဉ်များဖြင့် ပြေးဆွဲနိုင်ရေးအတွက် နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်မှုဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်မြို့တွင်းခရီးသည်ပို့ဆောင်ရေးလုပ်ငန်းကို နိုင်ငံတကာ အဆင့်မီယာဉ်များနှင့် စနစ်တကျပြေးဆွဲပေးနိုင်ရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် သွားလာနိုင်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ဆောင်ရွက်လျက်ရှိပါတယ်။ ဂျပန်နိုင်ငံက Oriental Transportation Enterprise Company Limited မှ ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူလုပ်ငန်းများ ဆောင်ရွက်ရန် ညှိနှိုင်းလျက်ရှိပါတယ်။ မြို့တွင်းခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးတဲ့နောက်မှာတော့ အခြားပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အလားတူ ရင်းနှီးမြှုပ်နှံနိုင်မယ့် ပြည်တွင်းပြည်ပကုမ္ပဏီများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်

ရှိပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့လည်း ဂျပန်နိုင်ငံက Oriental Transportation Enterprise Company Limited နဲ့ မြို့တွင်းခရီးသွားလုပ်ငန်းများကို ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် မူအားဖြင့် သဘောတူခွင့်ပြုထားပြီး အသေးစိတ်ဆက်လက်ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။ နှစ်ဖက်ညှိနှိုင်းပြီးစီးပါက အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကာ ရန်ကုန်မြို့တော်မှာ နိုင်ငံတကာအဆင့်မီ ခေတ်မီတဲ့ ယာဉ်များဖြင့် သွားလာနိုင်ရေးကို ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်း မေးခွန်းတစ်ခုတော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကို မေးပါရစေ။ ခုနကပြောတဲ့ မူဝါဒချမှတ်ပြီးတော့ အသေးစိတ်ညှိနှိုင်း အမြန်အကောင်အထည်ဖော်မယ်ဆိုတဲ့အတွက် ကြိုဆိုပါတယ်။ သို့သော်လည်း ရန်ကုန်မှာရှိတဲ့လူဦးရေ ၆ သန်းဟာ အဲယားကွန်းပါတဲ့ ကားကောင်းကောင်းတွေ ဘယ်အချိန်လောက်မှာ စီးရမလဲဆိုတာ အနီးကပ်ဆုံးခန့်မှန်းခြေအဖြေလေးတော့ ရန်ကုန်မှာရှိတဲ့ လူထုကြီးမျှော်လင့်လို့ရအောင် အဖြေလေးပေးပါလို့ ရှင်းရှင်းလင်းလင်းမေးပါရစေ။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ကြိုတင်ညှိနှိုင်းချက်များအရတော့ ဒီနှစ်မကုန်ခင်ပြီးအောင်ဆောင်ရွက်ဖို့ကြိုတင်ညှိနှိုင်းထားပါတယ်။ အဲ့ဒီဟာဖြစ်အောင်လည်း ကျွန်တော်တို့ အမြန်ဆုံးဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ပင်လယ်သဲများကိုစင်ကာပူနိုင်ငံသို့ ရောင်းချနေခြင်းကြောင့် ရေနေသတ္တဝါသားငါးများရှားပါးလာသည့်အတွက် ပင်လယ်သဲများမရောင်းချရန်တင်ပြထားသည်ကိုရောင်း၊ မရောင်းသိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှကိုယ်စား ဦးအောင်လင်းလှိုင်၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်လင်းလှိုင်(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ လေးစားချစ်ခင်ရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုတက်ရောက်လာတဲ့လူအပေါင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါ

တယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်ဖြစ်ပြီးတော့ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့်ရဲ့မေးခွန်းကိုကိုယ်စားမေးမြန်းဖို့ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာ ကမ်းရိုးတန်းတစ်လျှောက်မှာရှိတဲ့ပင်လယ်သဲများကို စင်ကာပူနိုင်ငံကဝယ်ယူနေကြပါတယ်။ စင်ကာပူနိုင်ငံကဝယ်ယူနေတဲ့ သဲများကိုနိုင်ငံတော်ကနေပြီးတော့ ပင်လယ်ရေကြောင်းမှာ ရေကြောင်းတွေတိမ်ကောလာလို့လည်းကောင်း၊ ပင်လယ်ခရီးသွားလာကြတဲ့လှေသင်္ဘောများ အန္တရာယ်ကင်းစေရေးအတွက်လည်းကောင်း နိုင်ငံတော်အတွက်ခွင့်ပြုချက်ရထားတဲ့ အဖွဲ့အစည်းတစ်ခုကနေပြီးတော့ စင်ကာပူနိုင်ငံကိုရောင်းချနေတယ်ဆိုတာသိရှိရပါတယ်။ အဲ့ဒီရောင်းချတဲ့တန်ဖိုးကတော့ ကျွန်တော်တို့သဲတစ်တန်ကို မြိတ် FOB ၃ ဒေါ်လာနဲ့လည်းကောင်း၊ ကော့သောင်း FOB တစ်တန်ကို ၄.၅ ဒေါ်လာနဲ့လည်းကောင်းရောင်းချလျက်ရှိတယ်ဆိုတာကိုသိရပါတယ်။ အဲ့ဒီသဲတွေကိုရောင်းချခြင်းအားဖြင့် ကျွန်တော်တို့ပင်လယ်မှာရှိတဲ့ပင်လယ်နေသတ္တဝါများရဲ့ စားကျက်တွေပျောက်ဆုံးတယ်။ နေရာတွေပြောင်းလဲတယ်ဆိုတဲ့အတွက်ကြောင့်လည်း ရေတိမ်သတ္တဝါတွေဟာ ပင်လယ်နက်ပိုင်းကို ပြောင်းရွှေ့ပြီးတော့ ပင်လယ်သတ္တဝါတွေရဲ့ ဖမ်းဆီးတဲ့ငါးဖမ်းလုပ်သားတွေဟာ ငါးအရနည်းလာပါတယ်။ ပုစွန်တွေ အရနည်းလာပါတယ်။ တကယ်တမ်း တိုင်းတာကြည့်လိုက်မယ်ဆိုလို့ရှိရင်လည်း သဲတစ်တန်ဟာ ၃ ဒေါ်လာကနေ၊ ၄.၅ ဒေါ်လာပဲရပြီးတော့ ပုစွန်တစ်တန်ဟာ ဒေါ်လာ ၇၀၀၀ ကနေ ၉၀၀၀ အထိရတဲ့အတွက်ကြောင့် အဆပေါင်း ၂၅၀၀ ကနေ ၃၀၀၀ လောက်အထိ ကွာခြားနေတယ်ဆိုတာ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ကိုယ်စားမေးမြန်းလိုတဲ့မေးခွန်းကတော့ သဲရောင်းခြင်းလုပ်ငန်းကို နိုင်ငံတော်ကနေပြီးတော့ ဆက်လက်ပြီးတော့ရောင်းချခြင်းရှိဦးမှာလား။ မရှိဘူးလားဆိုတဲ့မေးခွန်းကိုဖြေကြားပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာပွင့်ဆန်း (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန )** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါရဝပြု ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ

ပွင့်ဆန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်လှ(ခ)ဦးလှမြင့်ရဲ့ ပင်လယ်သဲများကို စင်ကာပူနိုင်ငံသို့ ရောင်းချနေခြင်းကြောင့် ရေနေသတ္တဝါများ၊ သားငါးများရှားပါးလာသည့်အတွက် ပင်လယ်သဲများ မရောင်းချရန်တင်ပြထားသည်ကို ဆက်လက်ရောင်း၊ မရောင်းသိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်တွင် ပြည်ပသို့သဲတင်ပို့ရောင်းချလိုသူသည် သက်ဆိုင်ရာဒေသအာဏာပိုင်၏ထောက်ခံချက်ဖြင့် ကုန်သွယ်မှုကောင်စီ Trade Council သို့ တိုက်ရိုက်တင်ပြခွင့်ပြုချက်တောင်းခံရန်လိုအပ်ပြီး ၎င်းခွင့်ပြုချက်ရရှိမှသာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပို့ကုန်လိုင်စင်ခွင့်ပြုထုတ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ သို့ရာတွင် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ သူဌေးကျွန်းနှင့် ဆလုံကျွန်းအနီးတစ်ဝိုက်တွင် သဲများစုပ်ယူမှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်နေမှုအားတင်ပြလာသည့်ကိစ္စအတွက် သဲတူးဖော်ထုတ်လုပ်မှုအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ပို့ဆောင်ရေးဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့်ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ပို့ဆောင်ရေးဝန်ကြီးဌာနမှတာဝန်ယူစီစဉ်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားထားကြောင်းသိရှိရပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပင်လယ်သဲ၊ မြစ်သဲများတူးဖော်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့ခြင်းအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သဲနှင့်ကျောက်စရစ်များထုတ်လုပ်ခြင်းကြောင့်ထုတ်ယူမည့် သဲနှင့်ကျောက်စရစ်များနေရာသို့ ကမ်းခြေမှမြေသားနှင့်သဲများအစားထိုးဝင်ရောက်၍ မြေများနိမ့်ဆင်းသွားခြင်း၊ ရေအောက်သယံဇာတများပျက်စီးဆုံးရှုံးကုန်သဖြင့် ရေနေသတ္တဝါများ၏အစားအစာများ၊ နားခိုနေရာများ လျော့နည်းပျက်စီးပြီး စားကျက်ချနေထိုင်မှုသဘာဝပြောင်းသွားခြင်းနှင့် ဂေဟစနစ်ထိခိုက်မှုရှိခြင်း၊ ရေနေသတ္တဝါများ၊ ရေထွက်ပစ္စည်းများရှားပါးလာခြင်း၊ ဆက်စပ်နေသည့်ပတ်ဝန်းကျင်လူမှုစီးပွားရေးအခြေခံအဆောက်အအုံများပျက်စီးလာခြင်းတို့အပြင် သဲနှင့်ကျောက်စရစ်များထုတ်ယူမည့်လုပ်ငန်းအတွက် ဆိုးကျိုးများဖြစ်ပေါ်လာနိုင်သဖြင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများလေ့လာဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) လုပ်ငန်းစဉ်နှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအနည်းဆုံးဖြစ်စေမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအုပ်ချုပ်မှုစီမံကိန်း (Environmental Management Plan) အား သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများအတွက် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ

အပေါ်ပေးလျော်ငွေ (Payment for Environmental Services-PES) စသည့်အစီအစဉ်များ ထည့်သွင်းရေးဆွဲဆောင်ရွက်စေသင့်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားပေးခဲ့ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနမှလည်း ကျောက်စရစ်နှင့် မြစ်သဲထုတ်လုပ်မှုနှင့်ပတ်သက်၍ ပြည်ပသို့တင်ပို့ ရောင်းချမှုတို့အတွက် သဲအတွင်း၌ယူရေနီယမ်ကဲ့သို့ မဟာဗျူဟာမြောက်သတ္တုများ၊ အလေးစီး သတ္တုများ၊ အဖိုးတန်သယံဇာတဓာတ်သတ္တုများ ပါဝင်ခြင်းရှိ/မရှိကို သတ္တုတွင်းဝန်ကြီးဌာနမှ ကွင်းဆင်းစိစစ်ပြီး ဓာတ်ခွဲစမ်းသပ်၍ကင်းရှင်းမှုရှိလျှင် အတည်ပြုထောက်ခံချက်ထုတ်ပေးပါကြောင်း၊ သတ္တုဆိုသည့်စကားရပ်တွင် အလေးစီးသဲကို သတ္တုဖြစ်သည်ဟု ဖြည့်စွက်သတ်မှတ်ထားကြောင်း သဘောထားမှတ်ချက်ပြန်ကြားပေးပို့ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် စီပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ သော ပင်လယ်သဲ၊ မြစ်သဲများ ပြည်ပသို့တင်ပို့ရန်ကိစ္စအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း အစည်းအဝေးတွင်လည်း သဲတူးဖော်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနသည် တာဝန်ယူကြီးကြပ်ရမည့်ဌာနဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာနကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး ရေလမ်းကြောင်းကောင်းမွန်စေရန် စနစ်တကျသဲသောင်များမှ တူးဖော်ထားသော သဲများကို ပြည်ပသို့ရောင်းချခွင့်၊ တင်ပို့ခွင့်ပြုရန် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ အဆိုပါအစည်းအဝေးတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၏တင်ပြချက်အရ မြိတ်ဆိပ်ကမ်းနှင့် မြိတ်မြို့သစ်အဝင်ရေလမ်းကြောင်းများဖြစ်သော မြိတ်မြစ်၊ ကျောက်ဖျာမြစ်နှင့် တနင်္သာရီရေကြောင်း လမ်းတစ်လျှောက်တို့တွင်လည်းကောင်း၊ ကော့သောင်းဆိပ်ကမ်းအဝင် ရေလမ်းကြောင်းဖြစ်သော ဆလုံကျွန်းအနီးရှိ ရေဒေသတွင်လည်းကောင်း ရေလမ်းကြောင်း တဖြည်းဖြည်းတိမ်ကောလာနေသောကြောင့် ရေယာဉ်များဝင်/ထွက်သွားလာရာတွင် နှောင့်နှေး ကြန့်ကြာမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ပြင်ပဆိပ်ကမ်းရေလမ်းကြောင်းများတွင် လုံလောက်သော ရေအနက်ရရှိလာရေးအတွက် သောင်တူးဖော်ပေးရန် လိုအပ်လျက်ရှိပြီး ယင်းသို့သောင်တူးလုပ်ငန်း အား နိုင်ငံတော်မှဆောင်ရွက်ပေးရပါက ကုန်ကျစရိတ်များစွာကုန်ကျနိုင်ပြီး နိုင်ငံတော်ဘဏ္ဍာမှ ငွေကြေးအမြောက်အမြား ကျခံသုံးစွဲရမည့် အခြေအနေရှိသည့်အတွက် ယင်းအခက်အခဲအား ကျော်လွှားဖြေရှင်းနိုင်ရန် ပြင်ပဆိပ်ကမ်းရေလမ်းကြောင်း သောင်တူးခြင်းလုပ်ငန်းအား မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်၏အစီအစဉ်ဖြင့်တူးဖော်ပြီး ထွက်ရှိလာသည့်သဲများအားပြည်ပသို့တင်ပို့ရောင်းချ ပါက နိုင်ငံတော်အတွက် အကျိုးကျေးဇူးများရှိနိုင်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါတယ်။ ဦးမောင်လှ၏

ယခုမေးခွန်းအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဖြေကြားချက်ကို ပေါင်းစပ်ဖြေကြားရမည်ဆိုပါက တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းဒေသ၌ သဲတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများထိခိုက်မှု ရှိ၊ မရှိကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များပါဝင်သည့်အဖွဲ့ဖြင့် ၂၀၁၂ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သဲတူးဖော်ထုတ်လုပ်ခြင်းကြောင့် ပင်လယ်ပြင်ရှိသတ္တဝါများ၏ စားကျက်ပျောက်ပျက်ခြင်း ရေနေသတ္တဝါများ၏ နေရာပြောင်းရွှေ့ခြင်းစသည့်ကိစ္စရပ်များအပေါ် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူဆောင်ရွက်သွားစေမည်ဖြစ်ပြီး လက်ရှိအခြေအနေအထိ ရေသယံဇာတထိခိုက်ပျက်စီးမှုသတင်းအချက်အလက် အထောက်အထားတစ်စုံတစ်ရာလက်ခံရရှိခြင်း မရှိပါကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် သဲတူး၊ သဲစုပ်လုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနှင့် ဆိပ်ကမ်းအဝင်/ထွက်ရေလမ်းများပျက်စီးမှုဖြစ်ပေါ်လာနိုင်သည့်အခြေအနေကို စိစစ်တွေ့ရှိရပါက လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်အား ပြန်လည်စိစစ်သွားမှာဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန၏ဖြေကြားချက်အရ သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ပင်လယ်သဲ၊ မြစ်သဲများအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုအလို့ငှာ ပို့ကုန်လိုင်စင်များလွတ်လပ်စွာ တိုက်ရိုက်ထုတ်ပေးခြင်းမပြုပါကြောင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိစေဘဲ မြစ်ကြောင်းများ၊ ဆိပ်ကမ်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ထောက်ခံချက်၊ သဲတူးဖော်ထုတ်လုပ်ရာတွင် တာဝန်ယူကြီးကြပ်ဆောင်ရွက်ရသည့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ စိစစ်ခွင့်ပြုချက်ဖြင့် ရေလမ်းကြောင်းကောင်းမွန်စေရန် သောင်တူးရာမှ ထွက်ရှိသောပင်လယ်သဲ၊ မြစ်သဲများကိုသာ ပြည်ပသို့တင်ပို့ရန် ထောက်ခံတင်ပြမှုအပေါ် အထူးကိစ္စတစ်ရပ်အနေဖြင့် ပြည်ပသို့ တင်ပို့ရောင်းချခွင့်ပြုခဲ့ကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

## ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်၏ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး သတ္တမနေ့မှာ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်တင်သွင်းထားတဲ့ တိုင်းရင်းသားလူမျိုးများ၏

အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုနှင့်စပ်လျဉ်းပြီး ယနေ့မှာ လွှတ်တော်ကိုယ်စားလှယ် ၉ ဦး ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုန်ကွမ် (ခ) ဦးခမိုင်တန်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးခမိုင်မုန်ကွမ် (ခ) ဦးခမိုင်တန်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုန်ကွမ် (ခေါ်) ဒူဝါခမိုင်တန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် အဆိုပြုဆွေးနွေးတင်ပြ ထောက်ခံလိုသည့် ကဏ္ဍများမှာ ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်မှ တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေး အဆိုနှင့်ပတ်သက်၍ ဆွေးနွေး ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ စာဖြင့် ဆွေးနွေးခွင့်ပြုပါရန် တင်ပြလိုပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့နိုင်ငံသည် တိုင်းရင်းသား ညီအစ်ကိုများစုပေါင်း၍ တည်ထောင်ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်သည်နှင့် အညီ ထာဝစဉ် အေးချမ်းသာယာမှုရရှိရန် တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်ခင်ဗျား။ တိုင်းရင်းသားညီအစ်ကိုများ၏ လိုအပ်ချက်များမှာ ဘိုးဘေးခေတ်အဆက်ဆက် ကျင့်သုံးခဲ့သော ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို မပျောက်ပျက်ရေး၊ စာပေနှင့်ယဉ်ကျေးမှုများကိုလည်း မြှင့်တင်အသုံးပြုရေးနှင့် တိုင်းရင်းသားများ၏ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ကျင့်ထုံးဥပဒေစီရင်ချက်များကိုလည်း ရိုးရာယဉ်ကျေးမှုကော်မတီနှင့်ပူးတွဲ၍ အသုံးပြုစီမံခန့်ခွဲမှုရရှိရန်တို့ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် တိုင်းရင်းသားတို့ရဲ့ ဓလေ့ထုံးစံမှာ တူညီမှုမရှိသော်လည်း ရိုးရာယဉ်ကျေးမှုမှာ ကိုယ်စီရှိမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ကချင်မျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှုနှင့် ကျင့်ထုံးဥပဒေများကို တင်ပြရမည်ဆိုလျှင် သတို့သမီးတောင်းခံရာတွင် ရှေးဦးစွာ ကွမ်းဖိုးအနေဖြင့် မောင်း၊ ရိုးရာသေနတ်၊ တောင်ရှည်ပုဆိုး၊ ကျွဲ၊ ဆင်ဆွယ်၊ ကချင်ပုတီးများ၊ မနောအက အကျႌ၊ ငွေသားတစ်ပိဿာ အပါအဝင် ရိုးရာဓလေ့ထုံးစံအဖြစ် ကွမ်းဖိုးတင် သတို့သမီး တောင်းခံလေ့ရှိသည့်အပြင် သတို့သားက သတို့သမီး

အား ခိုးပြေးပါက အမြဲတမ်း ကိုင်ဆောင်သော ရိုးရာသေနတ်ကို မိန်းကလေးအိပ်ခန်းတွင်ထား၍ ခေါ်ဆောင်သွားပါက သမီးရှင်မိဘများအနေဖြင့် သမက်မျိုးက ခေါ်ဆောင်သွားခြင်းကို အသိမှတ်ပြု နားလည်ပြီး နောက်နောင်တွင် ပထမဆုံးထည့်သော ကွမ်းဖိုးအဖြစ် သတ်မှတ်ထည့် သွင်းလျက်ရှိပါ တယ်။ ကွမ်းဖိုးထည့်ပြီး သတို့သမီးရရှိပါက ယောက္ခမမျိုးအနေဖြင့် မခုတ်ဓါး မထိုးလှံ၊ ကချင်ဓါးတို့ကို ကောင်းချီးပေး ဆုတောင်း၍ သတို့သမီးနှင့်အတူ သမက်မျိုးကို အပ်နှင်းလျက်ရှိပါတယ်ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကချင်ရိုးရာ ယဉ်ကျေး မှုဖြစ်သော သတို့သမီးတောင်းခံရာတွင် အသုံးပြုလျက်ရှိသော မခုတ်ဓါး မထိုးလှံ၊ ကချင်ဓါးနှင့် ရိုးရာလုပ် သေနတ်များကိုလည်း ရိုးရာယဉ်ကျေးမှုအဖြစ် သတ်မှတ်ပေးရန် လိုအပ်ပါတယ်ခင်ဗျား။ ကချင် ပြည်နယ်တွင် ရိုးရာသေနတ်များကို လက်နက်အဖြစ် မသတ်မှတ်ဘဲ ရိုးရာအသုံးအဆောင်အဖြစ် သတ်မှတ်ပေးနိုင်ရန် တင်ပြလိုပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ စီရင်တရားပိုင်းမှာလည်း ဘိုးဘေးကချင်မျိုးနွယ်စုအနေဖြင့် လူသေမှုဖြစ်စေ၊ အခြားမှုခင်း ဖြစ်စေ နှစ်ဖက်စလုံးကို ရိုးရာယဉ်ကျေးမှုအဖွဲ့အနေဖြင့် ညှိနှိုင်းစီရင်ချက်ချမှတ်၍ ပြေလည်လျက်ရှိ သော ထုံးတမ်းစဉ်လာရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခုတင်ပြသော ထုံးထမ်းစဉ်လာ ကျင့်ထုံးတရားကို အင်္ဂလိပ်ကိုလိုနီခေတ်တွင်လည်း ကချင်တောင်တန်း အက်ဥပဒေအဖြစ်ထားရှိလျက် ရှိသဖြင့် ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့မှ ကြီးသည့်အမှုဖြစ်စေ၊ ငယ်သည့်အမှုဖြစ်စေ နှစ်ဦးနှစ်ဖက် ပြေလည်ညှိနှိုင်းဆုံးဖြတ်ပေးသော အမှုအခင်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ကချင်တောင်တန်း အက်ဥပဒေအရ အကျုံးဝင်သည်ဟု သတ်မှတ်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ နိုင်ငံတော်အစိုးရ ပြည်ထောင်စုဗဟိုအစိုးရ၏ သတ်မှတ် ထားသော အခွန်အခဘဏ္ဍာငွေများကို မထိခိုက်စေဘဲ မိမိပြည်နယ်တွင် ထွက်ရှိသော ကျွန်းအပါအဝင် သစ်လုပ်ငန်းတွင်လည်း စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ စက်ရုံတည်ထောင်ခြင်းများနှင့် မြေပေါ် မြေအောက် သယံဇာတများကို မိမိပြည်နယ်နှင့် တိုင်းဒေသကြီးမှ တိုင်းရင်းသားပြည်သူများအနေဖြင့် စရိတ်စကနည်းပါးပြီး အလုပ်အကိုင် အလွယ်တကူရရှိနိုင်ရေးအတွက် ခွင့်ပြုမိန့်လိုင်စင်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးမှ ထုတ်ပေးနိုင်ရေးအတွက် တိုင်းရင်းသားပြည်သူများက လိုလားလျက် ရှိပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနက တိုက်ရိုက်လုပ်ကိုင်သော သယံဇာတအခွန်အခများကိုလည်း ရရှိသောအခွန်အခထဲမှ

ပြည်နယ်နှင့်တိုင်းဒေသကြီးများကို ၃၀ ရာခိုင်နှုန်း သို့မဟုတ် ၂၀ ရာခိုင်နှုန်းထက် မနည်းဘဲခွဲဝေပေးရန် လိုလားလျက် ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားလူမျိုးစုဝန်ကြီး ခန့်အပ်ခြင်းနှင့် ပတ်သက်၍ တင်ပြရမည်ဆိုလျှင် ကျွန်တော်တို့ ကချင်ပြည်နယ်တွင် လီဆူးလူမျိုးစုဝန်ကြီးနှင့် ရဝမ်လူမျိုးစုဝန်ကြီးသာ ခန့်အပ်ပြီး ကျန်ရှိသော လူမျိုးစုဝန်ကြီး ခန့်အပ်ထားခြင်းမရှိကြောင်းကို သိရှိရပါတယ်ခင်ဗျား။ ကျန်ရှိသော ကချင်မျိုးနွယ်စုတိုင်းရင်းသားများက မကျေမနပ်ထောက်ပြလျက် ရှိပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခုလို လူမျိုးစုဝန်ကြီးခန့်အပ်ရာတွင် တူညီမျှတမှုမရှိမည့်အစား တိုင်းဒေသကြီးမှာ ကချင်လူမျိုးစုဝန်ကြီးတစ်ဦးစီ ခန့်အပ်ထားပါက ပိုမိုသင့်တော်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးလူမျိုးစုများ၏ လိုအပ်ချက်များကို ရင်းနှီးစွာဖေါ်ဆောင် ချိတ်ဆက်ပေးနိုင်မှာဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပူးပေါင်းတည်ဆောက်ရာတွင် ပိုမိုကျစ်လျစ်ခိုင်မာလာမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်မှာ မတည်မငြိမ် ဖြစ်ရပ်များကိုလေ့လာသုံးသပ်မည်ဆိုလျှင် ၁၉၆၁ ခုနှစ် ရှေ့ပိုင်းတွင် ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေးများမှာတိုင်းရင်းသားများ၏ အမျိုးသားပန်းတိုင်ကို မပစ်ပယ်ဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပူးပေါင်းတည်ဆောက်သည့်အတွက် တိုင်းရင်းသားများ အားလုံးက ပြည်ထောင်စုအရေးကို မိမိရဲ့အမျိုးသားရေးအဖြစ် ခံယူခံစားလျက်ရှိသဖြင့် အောက်မြန်မာပြည်တွင် ရန်ကုန်အစိုးရသာရှိတော့သည့် အချိန်အခါတွင် ရောင်စုံတော်လှန်ရေးသမားများကို ကချင်အမျိုးသားတပ်များမှ အသက်စွန့်၍ ပြည်ထောင်စုမပြိုကွဲရေးကို ရှေ့တန်း တင်ပြီးတစိုက်မတ်မတ် ချေမှုန်းကာကွယ်သွားသည်ကို သိရှိရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ၁၉၆၁ ခုနှစ် ဒီဇင်ဘာအပိုင်းတွင် ကချင်အမျိုးသားတပ်များကို ဖျက်သိမ်း၍ တစ်ခုတည်းသောတပ်မတော်သာရှိရမည်ဟူသော မူဝါဒနှင့် စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင် ဗဟို၏ချုပ်ကိုင်မှုအောက်တွင် ထားရှိသည့်အတွက် တိုင်းရင်းသားပြည်သူများက မိမိအမျိုးသားမူဝါဒများကို ဆုံးရှုံခဲ့ပြီဟုခံယူ၍ မိမိ၏အမျိုးသားမူဝါဒများကို ပြန်လည်ရရှိရေးအတွက် ယခုအချိန်အထိနှစ်ပေါင်း ၄၀-၅၀ တိုင် တိုင်းရင်းသားပြည်သူများ၏ ပြည်ထောင်စုစိတ်ဓာတ်များကို ပျောက်ကွယ်၍ ယခုလိုမငြိမ်းချမ်းဘဲ ပြည်ထောင်စုတပ်များနှင့် ကချင်အမျိုးသားတပ်က တိုက်ခိုက်ပဋိပက္ခရှိသည်မှာ တိုင်းရင်းသားများ၏ အမျိုးသားပန်းတိုင် ဆုံးရှုံးသွား၍ ဖြစ်တယ်ဆိုသည်ကို ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများကို တင်ပြဆွေးနွေးလိုပါတယ်

ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီမိုကရေစီနည်းလမ်းအရ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြ တောင်းခံရမည်ဆိုလျှင် တိုင်းရင်းသားလူမျိုးစုများနှင့် ကချင်ပြည်နယ်သူပြည်နယ်သားများအနေဖြင့် လိုလားချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသော နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက် ပန်းတိုင်ကို ပူးပေါင်းကာကွယ်စောင့်ရှောက်ပြီး တိုင်းရင်းသားများ၏ အမျိုးသားရေးမူဝါဒကိုလည်း မပျက်ပြယ်ဘဲ ပြည်ထောင်စုအစိုးရနှင့် ကာကွယ်ရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ဘက်စုံကဏ္ဍစုံအနေဖြင့် ပူးပေါင်းပါဝင်နိုင်သော မူဝါဒများကို နိုင်ငံတော် အစိုးရအနေနှင့် အကောင်အထည်ဖော် လက်တွဲဖော်ဆောင်ပေးပါရန် တင်ပြရင်း အဓိကလိုအပ်ချက်ဖြစ်သော တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသလို နိုင်ငံတော်အနေနှင့်လည်း တိုင်းရင်းသားပြည်သူနှင့် လူမျိုးစုများ၏ အခွင့်အရေးနှင့် အမျိုးသားရေးမပျက်ပြယ်အောင် ကာကွယ်စောင့်ရှောက် လက်တွဲဖော်ဆောင်ရန် တာဝန်ရှိတဲ့အတွက် ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတီခွန်မြတ်၏ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို ကျွန်တော် ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခမိုင်မုန်ကွမ် (ခေါ်) ဒူဝါခမိုင်တန်မှ လေးနက်စွာ ထောက်ခံအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေအား ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ လူမျိုးပေါင်း ၁၀၀ ကျော်မှီတင်းနေထိုင်ကြပြီးတော့ အတိအကျအားဖြင့် ၁၃၅ မျိုးရှိတယ်လို့ သိရပါတယ်။ အဓိကအားဖြင့် ပြည်နယ်နှင့်တိုင်း ၁၄ ခု ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်လည်း ဖြစ်ပါတယ်ရှင့်။ ၁၉၆၂ ခုနှစ်မှာ တော်လှန်ရေးကောင်စီပေါ်ပေါက်လာပြီးတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်အရ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ချမှတ်ကျင့်သုံးခဲ့ရာမှာလည်း လွဲမှားတဲ့စီးပွားရေးစနစ်ဖြစ်တဲ့အတွက် အံမဝင်

ဝွင်မကျ စီမံခန့်ခွဲမှုများယွင်းချက်တွေကြောင့် အဘက်ဘက်က ချွတ်ခြုံကျပြီးတော့ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ အဆင်းရဲဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံရခဲ့တဲ့အထိ ဝမ်းနည်းဖွယ်ရာနှင့် ကြုံတွေ့ခဲ့ရပါတယ် ရှင့်။ ၁၉၈၈ ခုနှစ်မှာ တပ်မတော်အစိုးရက နိုင်ငံတော် တာဝန်ယူခဲ့ပြီး အခြေခံလိုအပ်ချက်များဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက် များဖြစ်တဲ့ လမ်းတံတားများ၊ ဆည်များ၊ တာတမံများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပါသော်လည်း နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်းမှာ တိုင်းရင်းသား ပြည်သူလူထုရဲ့ ရပိုင်ခွင့်များအတွက် အပြည့်အဝလှုပ်ရှားနိုင်မှု ပြုလုပ်နိုင်ခဲ့ခြင်းတော့ မရှိခဲ့ပါဘူးရှင့်။ တပ်မတော်အစိုးရလက်ထက်မှာ ၁၉၉၄ ခုနှစ်မှစပြီး ၂၀၀၉ ခုနှစ်အထိ ၁၅ နှစ်ကြာ ကာလအတွင်း တိုင်းရင်းသားလူမျိုးများနှင့် ၎င်းတို့ရဲ့ဒေသတွေမှာ လမ်းပန်းဆက်သွယ်ရေး၊ ပညာ ရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လျှပ်စစ်မီးရရှိရေးကဏ္ဍများမှာ ကျပ်သန်းပေါင်း ၃၀၅၀၀၀ ကျော်ခန့် သုံးစွဲခဲ့တယ်လို့ လေ့လာသိရှိခဲ့ရပါတယ်။ သို့ပါသော်လည်း ယနေ့ ၂၁ ရာစုကာလ ခေတ်နှင့်အညီ တိုင်းရင်းသားဒေသများ ခံစားရရှိနေတဲ့ အခြေအနေဟာ တခြားကမ္ဘာ့ကျွန်မတို့ရဲ့ အိမ်နီးချင်းနိုင်ငံများ မှာရှိတဲ့ တိုင်းရင်းသားဒေသများရဲ့ တိုးတက်မှုအဆင့်နှင့် နှိုင်းကြည့်လိုက်လို့ရှိရင် လိုအပ်နေသေး တယ်လို့ ခံစားရပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း (၁၅)ခန်းပါရှိ သည့်အနက် နိုင်ငံတော်အခြေခံမူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေမူများ အားလုံး၏အခြေခံမူများ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အခြေခံပုဒ်မ ၄၈ တွင် နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြု လွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေ များပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း၊ လိုက်နာရ မည့် လမ်းညွှန်မှုများဖြစ်ကြောင်း အတိအလင်းဖော်ပြထားပါတယ်။ ထို့အပြင် အခြေခံမူပုဒ်မ ၆(က)မှာ ပြည်ထောင်စုမပြိုကွဲရေး၊ (ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ (ဂ) နိုင်ငံတော်၌ တရား မျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများကို ပိုမိုထွန်းကားရေးတို့ကို အစဉ် တစိုက်ဦးတည်ထားသည်ဟု ဖော်ပြထားရှိပါတယ်။ အခြေခံမူဥပဒေပုဒ်မ ၁၅ တွင်လည်း တိုင်းနှင့် ပြည်နယ်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်းမှာ လျော်ကန်သင့်မြတ်တဲ့လူဦးရေ ရှိသော တိုင်းရင်းသားလူမျိုးများအတွက် သက်ဆိုင်ရာဥပဒေပြုရေးမှာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိတယ်လို့လည်း အတိအလင်းဖော်ပြထားတာကို တွေ့ရှိရပါတယ်ရှင့်။ ဒါ့အပြင် အခြေခံပုဒ်မ ၁၇ (ဂ)တွင်လည်း အထက်ပါပုဒ်မ ၁၅ အရ ဥပဒေပြုရေးမှာ ပါဝင်ခွင့်ရှိသော လူမျိုးဖြစ်လျှင် ထိုလူမျိုး ကိုယ်စားလှယ်အား အုပ်ချုပ်ရေးတွင် ပါဝင်ခွင့်ရရှိရမည်ဟု အခြေခံမူအဖြစ်

လမ်းညွှန်ထားပါသော်လည်း တိုင်းရင်းသားရေးရာအတွက် ရွေးချယ်တင်မြှောက်ခံထားရတဲ့ တိုင်းရင်းသားရေးရာဝန်ကြီးများကို ခန့်အပ်တာဝန်ပေးထားပါသော်လည်း အခြားသော ဝန်ကြီးများကဲ့သို့ မိမိတို့ စီမံခန့်ခွဲဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များ ပြဋ္ဌာန်းထားခြင်းမရှိဘဲ အဆင့်နိမ့်ဝန်ကြီးများသဖွယ် သတ်မှတ်ခံနေရကြောင်း ကြားသိနေရတဲ့အတွက် ဒီကိစ္စဟာ သင့်တော်မှုမရှိဘူးလို့ တိုင်းရင်းသူတစ်ယောက်အနေနဲ့ ခံစားရမိပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ရခိုင်ပြည်နယ်အခြေအနေနှင့် ပတ်သက်လို့လည်း ကျွန်မ အနည်းငယ်တင်ပြလိုပါတယ်။ ပြည်နယ်များအနက်မှာ ရခိုင်ပြည်နယ်ဟာ ပြင်းထန်တဲ့ ရာသီဥတုဒဏ်ကို အခံရဆုံးပြည်နယ်တစ်ခုဖြစ်တဲ့အပြင် ဒေသတစ်ခုနှင့်တစ်ခု၊ မြို့နယ်တစ်နေရာနှင့်တစ်နေရာဆက်သွယ်မှုဟာ ရေကြောင်းခရီးကိုပဲ အားထားနေရတဲ့အတွက် ရခိုင်ပြည်နယ်ရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများမှာ အထူးနိမ့်ကျလျက်ရှိပါတယ်။ အနိမ့်ဆုံးပြောရမယ်ဆိုရင် မူလတန်းကျောင်းသားများ ကျောင်းတက်ရာမှာ မိုးတွင်းကာလမျိုးကိုရောက်တဲ့အချိန်မှာ မိုးထဲလေထဲမှာ လှေနဲ့ ကျောင်းတက်နေရတဲ့ ကျေးရွာတွေအများကြီး ရှိနေတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် ကျန်းမာရေးကိစ္စမှာဆိုရင်လည်း ကျန်းမာရေးဝန်ထမ်းအင်အားနည်းပါးမှု၊ ကျန်းမာရေးဆေးပေးခန်းများ မလုံလောက်မှုရှိတဲ့အတွက်ကြောင့် မလိုအပ်ဘဲ အသက်ဆုံးရှုံးမှုများ ကြုံတွေ့နေရတာကို ဝမ်းနည်းစွာနဲ့ ကြားသိနေရပါတယ်ရှင့်။ ၂၀၀၈ ဖွဲ့စည်းပုံအရ ၂၀၁၀ ရွေးကောက်ပွဲနှင့် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပြည်သူများအတွက် လွှတ်တော်အဆင့်ဆင့်လည်းပေါ်လာခဲ့ပါပြီ။ လွှတ်တော်အဆင့်ဆင့်နှင့်အတူ ပြည်သူများက ရွေးချယ်တင်မြှောက်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပေါ်ပေါက်လာပြီးတော့ ကမ္ဘာကြီးတစ်ခုလုံးက အံ့သြဝမ်းသာလက်ခံတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ရဲရင့်စွာချမှတ်လုပ်ဆောင်ခဲ့တဲ့အပြင် လိုအပ်သော ကဏ္ဍအဘက်ဘက်မှလည်း အစွမ်းကုန် တိုးမြှင့်လုပ်ဆောင်နေတာကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိနေရပါတယ်။ ဒီလိုလုပ်ဆောင်တဲ့နေရာမှာ အခြားသောကဏ္ဍများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေသလို တိုင်းရင်းသားများရဲ့ ဘဝနေမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကိုလည်း နောက်ကျကျန်ရှိမနေစေဘဲ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းပြီးတော့ တိုင်းရင်းသားလူမျိုးများရဲ့မူလအခွင့်အရေးများကို ဆောင်ရွက်နိုင်ခွင့်ပေးအပ်ရန် အချိန်ကျရောက်နေပြီလို့လည်း ရိုးသားစွာတင်ပြအပ်ပါတယ်ရှင်။ ဇူလိုင် ၃ ရက်နေ့ နေပြည်တော်ရှိ သမ္မတအိမ်တော် အစည်းအဝေးခန်းမမှာ သမ္မတကြီးဦးသိန်းစိန်မှ အဖွင့်အမှာစကားပြောကြားခဲ့တာကိုလည်း ကြားသိခဲ့ရပါတယ်။ အဲဒီအစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး တက်ရောက်ခဲ့တာကိုလည်း သိရပါတယ်ရှင့်။

နိုင်ငံတော်သမ္မတကြီးက အဖွင့်အမှာစကားပြောကြားခဲ့ရာမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို တိုင်းရင်းသားအားလုံး ပိုင်ဆိုင်ကြတဲ့အတွက် တန်းတူရည်တူဆက်ဆံမှုနှင့် တန်းတူရည်တူအခွင့်အရေးရသင့်ပါကြောင်း တိုင်းရင်းသားတို့ရဲ့ တူညီတဲ့အဓိကဆန္ဒသည် ပြည်ထောင်စုအတွင်း တိုင်းရင်းသား လူမျိုးစုအားလုံး တန်းတူရည်တူဆက်ဆံမှုနှင့် တန်းတူညီမျှအခွင့်အရေးများ ရရှိခဲ့ပြီဖြစ်ပါကြောင်း တိုင်းရင်းသားများအတွက် အသက်တမျှ အရေးကြီးသောဥပဒေအရ ပြဋ္ဌာန်းထားသော တန်းတူရည်တူအခွင့်အရေးများနှင့် အခြားသောတိုင်းရင်းသားအခွင့်အရေးများကို လွှတ်တော်မှ လေ့လာသုံးသပ်ပြီး ဥပဒေပြဋ္ဌာန်းပေးမည့်ဆိုပါက ပြည်တွင်းငြိမ်းချမ်းရေးများလည်း အလျင်အမြန် အောင်နိုင်မည်ဟု ပြောကြားသွားသေးတာကို တွေ့ရှိရပါတယ်ရှင့်။ သမ္မတကြီးပြောသွားခဲ့တဲ့ အမှာစကားသည် တိုင်းရင်းသားများအတွက် အခြေခံလမ်းညွှန်ချက်ဖြစ်တယ်လို့ ယုံကြည်မိပါတယ်ရှင့်။ တိုင်းရင်းသားများအတွက် အလေးပေးပြောကြားသွားတဲ့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်အားလည်း တိုင်းရင်းသားများ၏ကိုယ်စား ကျွန်မက အထူးကျေးဇူးတင်ရှိကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်ပြောကြားလိုပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် နိုင်ငံသားနှင့် တိုင်းရင်းသားတို့၏ အခွင့်အရေးကိုလည်း ထင်ထင်ရှားရှားသိမြင်လာနိုင်မယ် ဖြစ်တဲ့အတွက်ကြောင့် ဒီဥပဒေပြဋ္ဌာန်းရေးဟာ တိုင်းရင်းသားတို့ရဲ့ အသက်တစ်မျှ အလွန်အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်နေတာကိုလည်း သိရပါတယ်ရှင့်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက နိုင်ငံသားနှင့်တိုင်းရင်းသားကို ကွဲကွဲပြားပြား သိရှိနားမလည်နိုင်ခဲ့တဲ့အတွက်လည်း ရခိုင်တိုင်းရင်းသူတစ်ယောက်အနေနဲ့ အထူးစိတ်မကောင်း ဖြစ်မိပါတယ်ရှင့်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရာမှာလည်းကောင်း၊ တိုင်းရင်းသားများ အချင်းချင်းချစ်ကြည်ရင်းနှီးမှုအခွန့်ရှည်စေရန် လည်းကောင်းတို့ကြောင့် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် တင်သွင်းထားတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ ဥပဒေပြဋ္ဌာန်းရေးကို မဖြစ်မနေဆောင်ရွက်အတည်ပြုသင့်ပါကြောင်းကို လေးနက်စွာ ထောက်ခံတင်ပြ ဆွေးနွေးအပ်ပါတယ်ရှင့်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည် ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်(ကော့မှူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မက ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့

ဦးတီခွန်မြတ်ရဲ့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးအဆိုနဲ့ ပတ်သက်လို့ အနည်းငယ် ဆွေးနွေးချင်ပါတယ်။ အခု ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာဆိုလို့ရှိရင် တိုင်းရင်းသားလူမျိုးများဆိုတဲ့ဝေါဟာရကို သတ်သတ်မှတ်မှတ်အဓိပ္ပာယ်ဖော်ထားတာမရှိပါဘူး။ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေမှာဆိုလို့ရှိရင်တော့ တိုင်းရင်းသားဆိုတာ ၁၈၂၃ ခုနှစ်ကစပြီး ဒီမိခင်နိုင်ငံမှာမှီတင်းနေထိုင်ခဲ့တဲ့ လူမျိုးများကို ဆိုလိုတာလို့ အဓိပ္ပာယ်ဖော်ထားပါတယ်။ အဲဒီထဲမှာ ဗမာတွေလည်းပါပါတယ်။ အခုဆွေးနွေးချက်တွေအရဆိုလို့ရှိရင် ပြည်နယ်တွေကိုအခြေခံတဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့အခွင့်အရေးတွေကို ရည်ညွှန်းပြီးတော့ ပြောသွားတာလို့ ကျွန်မတို့ မှတ်ယူရပါတယ်။ ပြည်နယ်တွေအကြောင်း ပြောမယ်ဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံမှာ ဆင်းရဲမွဲတေမှုနဲ့ပတ်သက်လို့ အဆိုးဝါးဆုံးဒေသတွေဟာ ပြည်နယ်ဒေသတွေ ဖြစ်ပါတယ်။ ချင်းပြည်နယ်ဆိုလို့ရှိရင် အခု နောက်ဆုံး အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ ကိန်းဂဏန်းများအရ ၇၃.၃ ရာခိုင်နှုန်း၊ ရှမ်းအရှေ့ဆိုလို့ရှိရင် ၄၆.၄ ရာခိုင်နှုန်း၊ ရှမ်းမြောက်ဆိုလို့ရှိရင် ၃၇.၄ ရာခိုင်နှုန်း၊ ရှမ်းတောင်ဆိုလို့ရှိရင် ၂၅.၂ ရာခိုင်နှုန်း ပျမ်းမျှခြင်းအားဖြင့် ရှမ်းပြည်နယ်ရဲ့ ဆင်းရဲမွဲတေမှုနှုန်းဟာ ၃၃.၁ ရာခိုင်နှုန်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ရဲ့ ဆင်းရဲမွဲတေမှုနှုန်းကတော့ ၄၃.၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံးရဲ့ပျမ်းမျှခြင်း ဆင်းရဲမွဲတေမှုနှုန်းက ၂၅.၆ ရာခိုင်နှုန်းဖြစ်တာကြောင့်မို့လို့ ဒီပြည်နယ်တွေမှာ ပျမ်းမျှခြင်းနိုင်ငံရဲ့ ဆင်းရဲမွဲတေမှုနှုန်းထက် မြင့်နေတယ်ဆိုတာကို မြင်ရပါတယ်။ ထို့အတူပဲ ကချင်ပြည်နယ်မှာလည်း ၂၈.၆ ရာခိုင်နှုန်းနဲ့ ပျမ်းမျှခြင်း ရာခိုင်နှုန်းထက်မြင့်နေပါတယ်။ မွန်၊ ကယားနဲ့ ကရင်တို့က ပိုပြီးတော့ နိမ့်ကျပါတယ်။ ဒီကိန်းဂဏန်းတွေကိုကြည့်ခြင်းအားဖြင့် ကျွန်မတို့ပြည်နယ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေဟာ ကျေနပ်ဖွယ်ရာ မရှိဘူးဆိုတာထင်ရှားပါတယ်။ ထို့အပြင်လည်း ကျွန်မတို့ရဲ့နိုင်ငံမှာ ပြည်တွင်းစစ်မီးလုံးဝငြိမ်းသွားတယ်ဆိုတာမရှိခဲ့သေးပါဘူး။ ဒါကြောင့် တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဆိုတာဟာ ဘာသာစကား၊ ယဉ်ကျေးမှုထိန်းသိမ်းခြင်းနှင့် များစွာပိုပြီးတော့ ကျယ်ပြန့်နက်နဲတယ်ဆိုတာကို ကျွန်မတို့ ဆိုနိုင်ပါတယ်။ ဒါကိုထောက်ထားပြီးတော့ ပင်လုံစိတ်ဓာတ်နဲ့ ကွာခြားလို့မရတဲ့၊ ခွာလို့မရတဲ့ တန်းတူညီမျှရေး၊ အပြန်အလှန်လေးစားယုံကြည်ရေးတို့ကို အခြေခံပြီးတော့ စစ်မှန်တဲ့ဒီမိုကရေစီပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဆွေးနွေးညှိနှိုင်းပြီး တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးများကို ကာကွယ်နိုင်ဖို့အတွက် ဥပဒေများကို လိုအပ်သလိုပြုပြင်ခြင်း၊ လိုအပ်သလိုပြဋ္ဌာန်းခြင်းတို့များ

ဆောင်ရွက်စေရန်၊ ဆောင်ရွက်ဖို့ကို တိုက်တွန်းရင်းနဲ့ ဦးတီခွန်မြတ်ရဲ့အဆိုကို ကျွန်မအနေနဲ့ ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအုန်းကြိုင်(မဟာအောင်မြေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းကြိုင်ဖြစ်ပါတယ်။ ကွတ်ခိုင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်တင်သွင်းထားတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကို ကာကွယ်သောဥပဒေပြဋ္ဌာန်းရေးအဆိုကိုထောက်ခံရင်း အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်သောပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဖြစ်ဖို့အတွက် ပင်လုံစိတ်ဓာတ်က သန္ဓေတည်ခဲ့တာဖြစ်ပါတယ်။ လွတ်လပ်ရေးဗိသုကာကြီးနှင့် တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျွန်တော်တို့ရဲ့ ဘိုးဘေးဘီဘင်များဖြစ်ကြတဲ့ တိုင်းရင်းသားခေါင်းဆောင် များရဲ့မျှော်မှန်းချက်က ကျွန်တော်တို့တိုင်းရင်းသားအားလုံးအခွင့်အရေး တန်းတူညီမျှစွာနဲ့ ရရှိခံစားကြ ပြီးတော့ လွတ်လွတ်လပ်လပ်ပျော်ပျော်ရွှင်ရွှင်နဲ့ ဥမကွဲသိုက်မပျက်အေးအတူ ပူအမျှနေထိုင်သွားကြဖို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အနှစ်ချုပ်ကြည့်လိုက်လို့ရှိရင် ပင်လုံစိတ်ဓာတ်ဆိုတာ တစ်ခုပါ။ တစ်ခု ကတော့ ကျွန်တော်တို့ ဒီမြေ၊ ဒီရေမှာမွေးတဲ့ တိုင်းရင်းသားတွေအားလုံးဟာ တန်းတူရည်တူရှိတယ်။ နောက်တစ်ခုက အားလုံးက ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိကြတယ်။ Self determination ပါ။ ဒီနှစ်ခုကိုပဲ အခြေခံတာဖြစ်ပါတယ်။ အခု ဦးတီခွန်မြတ်ရဲ့အဆိုဟာ တော်တော်လေးနက်နေပါတယ်။ ကျွန်တော်စဉ်းစားကြည့်တဲ့အခါမှာ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကိုကာကွယ်သော ဥပဒေ ပြဋ္ဌာန်းရေးလို့ ဒီလိုဖော်ပြထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပုဒ်မ ၂၁ ပုဒ်မခွဲ(က)၊ (ဃ)၊ ပုဒ်မ ၂၂ ပုဒ်မခွဲ(က)၊(ခ)တို့မှာ ဒီအခွင့်အရေးတွေ ပြဋ္ဌာန်းထားပြီးလို့ပြောလို့ရပါတယ်။ သို့သော် အဲ့ဒါတွေ ဟာ ပြည့်စုံမှုမရှိလို့လား။ ဒါမှမဟုတ်ရင် ပြည့်စုံအောင်ပြဋ္ဌာန်းပြီးပြီဆိုလို့ရှိရင် တကယ်အဖြစ်မှန် ခံစား ခွင့်မရကြလို့လား။ ဒါစဉ်းစားစရာတစ်ချက်ဖြစ်ပါတယ်။ နောက်တစ်ခုက ဒီကနေ့အခြေအနေမှာ အားလုံးခံစားနေရတဲ့ ရှေ့ဆွေးနွေးသွားကြတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေနည်းတူပဲ ကျွန်တော် လည်းပဲ ခံစားမိပါတယ်။ ကျွန်တော်တို့ တံခါးပေါက်တွေ တချို့ပွင့်နေသလား။ အဲဒီအတွက် ပြည်ထောင်စုကြီးတစ်ခုလုံးကို ကျတော့မယ့်အန္တရာယ်ကို တိုင်းရင်းသားတွေ သတိပြုမိနေပြီလား။

ဒါကြောင့်မို့လို့ တိုင်းရင်းသားတွေရဲ့အခွင့်အရေးကို ကာကွယ်တဲ့ဥပဒေပြဋ္ဌာန်းပါလို့ ပြောတာပါ။ ဘာပဲဖြစ်ဖြစ် နှစ်ခုစလုံးက ပြည်ထောင်စုအတွက် အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ဦးတီခွန်မြတ်ရဲ့ အဆိုကို ဒီလိုလေးနက်တဲ့အဆိုကို တင်ပြလာတဲ့အတွက် ဆွေးနွေးခွင့်ရလာတဲ့အတွက်လည်း ဦးတီခွန်မြတ်ကို ကျေးဇူးတင်ကြောင်း၊ ချီးကျူးကြောင်း၊ လေးစားပါကြောင်း အခါအခွင့်သင့်လို့ ပြောပါရစေ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ခုနကပြောခဲ့သလို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းစကားနဲ့ပြောရရင် ကျွန်တော်တို့လည်း သူများတကာ ကျွန် မဖြစ်ချင်ဘူး။ တိုင်းရင်းသားတွေလည်း ဘယ်သူ့ကျွန်မှမဖြစ်ရဘူးဆိုတဲ့စကားအတိုင်းပဲ ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ ပင်လုံစိတ်ဓာတ် သွေးချင်းအရင်းဆိုတဲ့စိတ်၊ အဲဒီပြည်ထောင်စုဆိုတဲ့စိတ် ထာဝစဉ်တန်းတူညီမျှစွာ အတူလက်တွဲပြီးတော့ မကွဲမကွာနေသွားကြမယ်ဆိုတဲ့စိတ်ဓာတ်ဟာ ပင်လုံမှာချခဲ့ပါတယ်။ နှစ်ပေါင်းဟာ တော်တော်ကြာလာတော့ ဒါဟာ တဖြည်းဖြည်းအားပျော့ ပျက်ပြယ်လာပြီလို့ ဖြစ်နေသလား။ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးဆိုတာ ဘာကိုဖော်ပြတာလဲ။ ခုနက ကျွန်တော်တို့ ခေါင်းဆောင်လည်းဆွေးနွေးသွားပါတယ်။ တိုင်းရင်းသားဆိုတဲ့ဝေါဟာရကိုက ဆန်းစစ်ဖို့လိုနေပြီလား။ အဲဒီလိုဆိုရင်တော့ ကျွန်တော် အကြံပေးချင်တာကတော့ ပြောင်းလဲလာတဲ့ခေတ်ကာလနဲ့အညီ တွေးခေါ်မျှော်မှန်းဆွေးနွေးညှိနှိုင်းပြီးတော့ ဆုံးဖြတ်နိုင်မယ့်ပင်လုံလို ညီလာခံတစ်ခု ဒီမိုကရေစီခေတ်ရဲ့ ခေတ်ဦးလိုခေါ်တဲ့ ဒီလိုအချိန်မှာ ကျွန်တော်တို့ ခေါ်ဖို့မသင့်ဘူးလား။ ဘာကြောင့်လဲဆိုတော့ ရှမ်းပြည်မှာမွေးတဲ့ ကျွန်တော်တို့ ရှမ်းညီအစ်ကိုတော်တစ်ယောက်ရဲ့ ရှမ်းပြည်ကြီးကို ဘယ်လိုလှအောင် ထူထောင်မလဲဆိုတဲ့စိတ်ကူးဟာ ကျွန်တော် ဧရာဝတီတိုင်းမှာမွေးတဲ့ စိတ်ကူးနဲ့ ဘယ်လိုမှမတူနိုင်ပါဘူး။ ကျွန်တော်သူ့ကို မီအောင်တွေးနိုင်မှာ မဟုတ်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့ တိုင်းရင်းသားအချင်းချင်း ပြည်ထောင်စုနိုင်ငံတော်ကြီးတစ်ခုလုံးမှာရှိတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးထူထောင်ဖို့ ကြိုးပမ်းနေချိန်မှာ ပင်လုံညီလာခံကို တိုင်းရင်းသားတွေ၊ ခေါင်းဆောင်တွေ အကုန်လုံးစုံညီတက်ရောက်မယ့် အဲဒီမှာ တိုင်းရင်းသားတွေအကျိုးကို ထမ်းဆောင်နေပါတယ်ဆိုတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ နောက်အများပြည်သူက လေးစားတဲ့ခေါင်းဆောင်တွေ၊ နောက် ကျွန်တော်တို့ တပ်မတော်ခေါင်းဆောင်တွေအပါအဝင် အားလုံးစုံညီတက်ရောက်မယ့်ပင်လုံလို ညီလာခံကြီးတစ်ခုခေါ်ပြီးတော့ တိုင်းရင်းသားတွေအခွင့်အရေးဆိုတာဘာလဲ။ တိုင်းရင်းသားဆိုတာ ဘယ်သူတွေလဲ။ ဘယ်သူတွေက ကျွန်တော်တို့သွေးချင်းအရင်းအချာတွေလည်းဆိုတာ ထပ်ပြီးတော့ ဆွေးနွေးဆုံးဖြတ်။ အခြေခံကတော့ တန်းတူညီမျှမှုရှိရေးနဲ့ ကိုယ့်ကြမ္မာကိုလွတ်လပ်စွာ ဖန်တီးခွင့်ရှိရေး

ပေါ့ခင်ဗျား။ အဲဒီလောက်များ ညီလာခံကြီးတစ်ခုခေါ်ရင် မသင့်တော်ဘူးလား။ ကျွန်တော် အဲဒါ အကြံပြုတင်ပြချင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားတွေရဲ့အခွင့်အရေးအပြည့်အဝရရှိဖို့အတွက် ဥပဒေပြဋ္ဌာန်းချက်တွေနဲ့ ကျွန်တော်တို့ အခုနေပြဋ္ဌာန်းပေးရင်လည်းပဲ ကျွန်တော်ကတော့ ခံစားခွင့်အပြည့်အဝရကြမယ်လို့ မယုံကြည်သေးပါဘူးလို့ ပြောပါရစေ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ ပြည်တွင်းစစ်က အခုထိ မငြိမ်းနိုင်ဘူးဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ဟာ မွေးလာကတည်းက မြစ်ဝကျွန်းပေါ်မှာ ပြည်တွင်းစစ်ကြားထဲက ခံခဲ့ရတာဆိုတော့ ဒီနေ့ တိုင်းရင်းသားတွေကြားထဲမှာ ခံစားနေရတဲ့ ပြည်တွင်းစစ်မီးဒုက္ခကို ကျွန်တော်ကိုယ်တိုင်နားလည်ပါတယ်။ စာနာပါတယ်။ များစွာစိတ်မကောင်းဖြစ်မိပါတယ်။ ပြည်တွင်းငြိမ်းချမ်းမှုမရဘဲနဲ့တော့ ကျွန်တော်တို့တိုင်းရင်းသားတွေရဲ့ဘဝ မအေးချမ်းနိုင်ပါဘူး။ မဖွံ့ဖြိုးနိုင်ပါဘူးခင်ဗျား။ ဒီစစ်မီးမငြိမ်းသရွေ့ တန်ဖိုးမဖြတ်နိုင်တဲ့ ကျွန်တော်တို့ရဲ့ သားကောင်းရတနာတွေ တန်ဖိုးကြီးမားလှတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ မြေပေါ်မြေအောက် သယံဇာတပစ္စည်းတွေကို နည်းမျိုးစုံနဲ့ ဝါးမျိုပစ်နေဦးမှာဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ ကျွန်တော်တို့ ခေတ်ထိ ဆင်းရဲမွဲတေမှုဟာ ပိုပြီးတော့ ဆိုးသထက်ဆိုးလာနိုင်မှာဖြစ်ပါတယ်။ သမ္မတကြီး ဦးသိန်းစိန်ရဲ့ လက်ထက်မှာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဗဟိုကော်မတီတွေဖွဲ့၊ လုပ်ငန်းကော်မတီတွေဖွဲ့ ဆောင်ရွက်နေတာကိုထောက်ခံပါတယ်။ အားလည်းတက်ပါတယ်။ အားလည်းကိုးပါတယ်။ မျှော်လည်း မျှော်လင့်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့လူမျိုးရဲ့စရိုက်တစ်ခု သတိပြုသင့်ပါကြောင်းလည်း ကျွန်တော်တင်ပြပါရစေ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လူမျိုးက ခေါင်းဆောင်ကိုအားကိုးပါတယ်။ ဒါဟာ ကျွန်တော်တို့လူမျိုးရဲ့စရိုက်ကို အခုထက်ထိ ထိန်းသိမ်းထားတဲ့စရိုက်ကို ဒါဟာ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်စတဲ့ ဒီမြစ်ဝှမ်းတွေမှာ အခြေချပြီးတော့ ကုန်းမြင့်ဒေသတွေမှာ အတူနေထိုင်ကြတဲ့ ကျွန်တော်တို့တိုင်းရင်းသားအားလုံးရဲ့ ဒါပင်ကိုစရိုက်ဖြစ်ပါတယ်။ သမိုင်းကလည်း ဒီအချက်ကိုအထောက်အထားတွေနဲ့ ဖော်ပြနေပါတယ်။ ကျွန်တော်တို့ သမိုင်းကိုပြန်ကြည့်ပါ။ အနော်ရထာလို တကယ့်ပြည်သူကချစ်တဲ့ ခေါင်းဆောင်ပေါ်လာပြီ။ ပြည်သူက အနော်ရထာကို အားကိုးသလို အနော်ရထာကလည်း ပြည်သူကိုယုံကြည်တယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ပုဂံနေပြည်တော်ဟာ တကယ့်ရွှေနိုင်ငံတော်အဖြစ် ပြည်သူလူထုရဲ့အားနဲ့ အနော်ရထာနဲ့ပေါင်းစပ်ပြီတော့ အဲဒီခေါင်းဆောင်ကောင်းရဲ့နောက်မှာ ပြည်သူလူထုဟာ ထပ်ချပ်မကွာလိုက်ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့နိုင်ငံဟာ ရွှေနိုင်ငံဖြစ်ခဲ့ပါတယ်။ အရှေ့တောင်အာရှမှာ ဒီကနေ့အထိ ကျွန်တော်တို့ပြသလို့ရတဲ့ ကမ္ဘာ့

အုံဖွယ်ထဲမှာတစ်ခုပါတဲ့ ပုဂံလိုနေပြည်တော်ကြီးကို ရှေ့ကျွန်တော်တို့ဘိုးဘွားဘီဘင်တွေဟာ အနော်ရထာရဲ့ခေါင်းဆောင်မှုကိုတည်ဆောက်နိုင်ခဲ့ပါတယ်။ နောက်ကျန်စစ်သားခေတ်မှာလည်း ဒီလို ပါပဲခင်ဗျား။ ဒါပေမယ့် ကျွန်တော်တို့လူမျိုးရဲ့စရိုက်က ခေါင်းဆောင်ပျောက်သွားပြီဆိုပြန်တော့ တစ်ခါ သွေးအေးသွားသလိုဖြစ်ပြီးတော့ တစ်စစီဖြစ်သွားပြန်ပါတယ်။ နောက် ဘုရင့်နောင်ကျော်ထင် အနော်ရထာလိုခေါင်းဆောင် ပေါ်လာပါတယ်။ အဲဒီမှာ တစ်နိုင်ငံလုံးဟာ ဘုရင့်နောင်ရဲ့နောက်မှာ တစည်းတလုံးတည်း ထပြီးတော့ရပ်ကြပါတယ်။ အဲဒီမှာ ကျွန်တော်တို့နိုင်ငံဟာ ဒီ အင်ဒိုချိုင်နား ကျွန်းဆွယ်အထိ ကျယ်ပြန့်အောင်ထူထောင်နိုင်ခဲ့ပါတယ်။ နောက်အဲလိုနဲ့ ခေါင်းဆောင်ပျောက်သွား ပြန်တဲ့အခါ သွေးအေးသွားပြန်ပါတယ်။ ပြန်ပြီးတော့ တကွဲတပြားစီဖြစ်ကြပြန်ပါတယ်။ နောက် အလောင်းဘုရားခေတ် အလောင်းဖုရားခေတ်မှာလည်း ဒီလိုပါပဲ။ ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင် အာရှမှာ ဖိတ်ဖိတ်တုန်အောင်ဩဇာကြီးတဲ့ နိုင်ငံတစ်ခုဘဝကိုရောက်ခဲ့ပါတယ်။ အဲဒါဘာလဲ။ အလောင်းဘုရားဦးအောင်ဇေယျရဲ့ ခေါင်းဆောင်မှု တစ်ခဲနက်ထောက်ခံဖြစ်ပါတယ်။ ပြည်သူနဲ့ ခေါင်းဆောင်တစ်သားတည်း ဖြစ်တဲ့အချိန်မှာ ကျွန်တော်တို့လူမျိုးဟာ အရှိန်အဟုန်ပြင်းစွာ ညီညွတ် ပြီးတော့ အဲဒီညီညွတ်မှုကြောင့် အောင်ပွဲတွေ ထူးခြားတဲ့အောင်ပွဲတွေ ရစမြဲဖြစ်ပါတယ်။ နောက် ခေါင်းဆောင်တစ်ယောက်ကတော့ နှစ်ပေါင်း ၁၀၀ လောက် ကျွန်ဖြစ်တဲ့ဘဝမှာ ရုန်းရင်းကန်ရင်းနဲ့ ပေါ်လာတဲ့ပေါ်လာတဲ့ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းဖြစ်ပါတယ်။ ဗိုလ်ချုပ် အောင်ဆန်းဟာ တစ်နိုင်ငံလုံးကိုစည်းရုံးနိုင်ပါတယ်။ စည်းရုံးနိုင်တယ်ဆိုတာထက် တစ်နိုင်ငံလုံးဟာ ဗိုလ်ချုပ်အောင်ဆန်းကို တကယ့်ခေါင်းဆောင်အဖြစ်နဲ့ နှစ်နှစ်ကာကာယုံကြည်ကြပါတယ်။ ဗိုလ်ချုပ် အောင်ဆန်းဘယ်သွားသွား အားလုံးသိတဲ့အတိုင်းပဲ၊ မှတ်မိကြမှာဖြစ်တဲ့အတိုင်း တချို့ဖတ်မိကြမှာ ဖြစ်တဲ့အတိုင်းပေါ့။ ပြည်သူတစ်ရပ်လုံးကတစ်ခဲနက်ထောက်ခံပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို လုံးဝ ယုံကြည်ပါတယ်။ ဗိုလ်ချုပ်ရဲ့ရိုးသားမှု၊ ဗိုလ်ချုပ်ရဲ့စွန့်လွှတ်နိုင်မှု တကယ်အားကိုးပါတယ်။ ဒါကြောင့် မို့လို့ တညီတညွတ်တည်းညီညွတ်ကြပါတယ်။ ကျွန်တော်တို့ အဘိုးကပြောဖူးပါတယ်။ ဗိုလ်ချုပ်လို့ ငါတို့ခေါ်တာက နာမည်တောင်မခေါ်ရက်လို့ ဗိုလ်ချုပ်လို့ခေါ်ပါတယ်။ အဲလောက်ပြည်သူလူထုက ချစ်ပါတယ်။ အဲဒီလို လွတ်လပ်ရေးရခါနီးအကြိုမှာ အဲဒီလိုချစ်လို့လည်းပဲ အမျိုးသားခေါင်းဆောင်ကြီး ရဲ့ခေါင်းဆောင်မှုနဲ့ လွတ်လပ်တဲ့နိုင်ငံအဖြစ် နှစ်ပေါင်း ၁၀၀ ကျွန်ဘဝက အောင်အောင်မြင်မြင် အောင်ပွဲဆင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကံဆိုးချင်တာက ကံဆိုးဖို့ဖြစ်လာတာက အဲဒီလွတ်လပ်ရေးအကြို တကယ့်လွတ်လပ်ရေးရတော့မယ်လို့ တစ်နိုင်ငံလုံးက စိတ်ကူးယဉ်နေတဲ့

အချိန်၊ မျှော်မှန်းနေတဲ့အချိန် လွတ်လပ်ရေးအောင်ပန်းကိုတော့ ရတော့မယ်လို့ အားကိုးနေတဲ့အချိန် ဗိုလ်ချုပ်ရဲ့ကြိုးစားမှုတွေကိုလည်းအားကျနေတဲ့အချိန်မှာ ရုတ်တရက် ဗိုလ်ချုပ်ကျဆုံးသွားပါတယ်။ တစ်နိုင်ငံလုံးအတွက် တကယ်ကို ရွှေတောင်ကြီးပြိုဖြစ်သွားပါတယ်။ ကျွန်တော်တို့အသက်အရွယ်နဲ့ ကျကျနနမမှတ်မိပါဘူး။ သို့သော် မှတ်မိခဲ့တဲ့ ကျွန်တော်တို့ ဘိုးဘွားများရဲ့ ပြန်လည်ပြောပြချက်အရ ကျွန်တော်တို့ရင်ထဲမှာနာနေအောင်ခံစားရပါတယ်။ အဲဒီတစ်ပြိုင်နက်ထဲမှာ သမိုင်းအလိုအရ ဘာဖြစ် သွားလဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ ဗိုလ်ချုပ်အောင်ဆန်းတမ်းတတဲ့ ခေါင်းဆောင်ဟာကွက်ဆိုတာ ကြီးပေါ်သွားပါတယ်။ ဒါဟာ ကျွန်တော်တို့စရိုက်၊ ကျွန်တော်တို့လူမျိုးအရ ပေါ်သွားတာပါ။ အဲဒါက ဘာလဲဆိုတော့ ဗိုလ်ချုပ်အောင်ဆန်းလို ခေါင်းဆောင်ကိုတမ်းတနေတာပဲရင်ထဲမှာ ကျွန်တော်လည်း တမ်းတနေတာပဲ။ ကျန်တဲ့ ဒီကကိုယ်စားလှယ်ကြီးတွေလည်း အဲဒီထဲမှာပါကြမယ်ထင်ပါတယ်။ အဲဒီတော့ ခေါင်းဆောင်ဟာကွက်စံက လာသမျှခေါင်းဆောင်အားလုံးကို ဗိုလ်ချုပ်အောင်ဆန်းဆိုတဲ့ စံနဲ့ပဲတိုင်းတော့တယ်။ အဲဒီအခါမှာ ကျွန်တော်တို့ လူမှန်းသိလို့ တိုင်းကျိုးပြည်ကျိုးစလုပ်မယ်လို့ သိတဲ့ အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာအစိုးရတခြား၊ ပြည်သူကတခြားဖြစ်နေပါတယ်။ အဲဒါ ခေါင်းဆောင် မှုဟာကွက်ရဲ့ဟာပါပဲ။ ကျွန်တော် ၁၉၇၂ ခုနှစ်က အကြောင်းတိုက်ဆိုင်စွာ ရွေးကောက်ပွဲလေ့လာရင်း သတင်းစာဆရာအဖြစ်နဲ့ အိန္ဒိယနိုင်ငံကိုရောက်ပါတယ်။ အိန္ဒိယခေါင်းဆောင်ကြီး ဂျဂျီပါရမ် တို့၊ ဂျေပကတ်စ်ကနာရမ် တို့နဲ့ တွေ့တဲ့အခါမှာလည်း သူတို့က ဗမာနိုင်ငံမှာ ဗိုလ်ချုပ်အောင်ဆန်း ရုတ်တရက်ကျဆုံးပြီးတဲ့နောက် ခေါင်းဆောင်ဟာကွက်ခံနေရတယ်ဆိုတာ သူတို့လည်းလက်ခံတယ်လို့ ကျွန်တော်ကိုပြောပါတယ်။ သူတို့အိန္ဒိယနိုင်ငံမှာလည်း နေရူးဟာကွက်ဖြစ်တာပဲတဲ့ သို့သော်လည်းပဲ ကံကောင်းတာက နေရူးက ဒီခေတ်မှာကြုံတွေ့တဲ့ပြဿနာတွေကို ဖြေရှင်းဖို့အတွက် ဒီခေတ်ရဲ့ ခေါင်းဆောင်ဟာ ဒီခေတ်ကလူတွေ ရွေးတင်နိုင်တဲ့ ဒီမိုကရေစီစနစ်ကို ချပေးနိုင်ခဲ့တယ်။ ကျွန်တော်တို့နိုင်ငံမှာ သခင်အောင်ဆန်းက အဲဒါကို လုပ်မပေးနိုင်ခဲ့ရှာဘူးတဲ့ အဲဒါတစ်ခု အဲဒါကြောင့် မို့လို့ ငါတို့က အင်ဒီရာဂန္ဒီ ကိုရပြီးတော့ နည်းနည်းခံသာတယ်တဲ့ အဲဒီခေါင်းဆောင်မှုဟာကွက်က ကျွန်တော်တို့နိုင်ငံအတွက် တော်တော်မကောင်းပါဘူးခင်ဗျား။ အခုနှစ်ပေါင်း ၄၀ ကျော်လောက် စောင့်ပြီးတဲ့အခါကျတော့ အဲဒီခေါင်းဆောင်မှုဟာကွက်ကို အစားထိုးနိုင်မယ့် အခြေအနေတစ်ခု ပေါ်လာပါတယ်။ ခေါင်းဆောင်တစ်ယောက်ပေါ်လာပါတယ်။ အဲဒါကတော့ ဒီလွှတ်တော်ထဲကို အခုရောက်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ပါ။ ပြည်သူတစ်ရပ်လုံးရဲ့အမြင်မှာ ဒေါ်အောင်ဆန်းစုကြည် ဆိုတာကို အမျိုးသားခေါင်းဆောင်ကြီးရဲ့ကိုယ်ပွား၊ အမျိုးသားခေါင်းဆောင်ကြီးရဲ့ကိုယ်စားလို့ ဒီလိုကို

မြင်နေကြပါတယ်။ ဒါဟာ ကောင်းတဲ့လက္ခဏာတစ်ခုပါ။ ကျွန်တော်တို့နိုင်ငံမှာ ခေါင်းဆောင်တစ်ယောက်ပေါ်လာပြီ။ အဲဒီခေါင်းဆောင်ရဲ့နောက်ကို ပြည်သူတစ်ရပ်လုံးကလည်း တစ်ခဲနက်ယုံကြည်ထောက်ခံနေပြီဆိုရင် ကျွန်တော်တို့ဒီခေါင်းဆောင်ကို ကျွန်တော်တို့ ငြိမ်းချမ်းရေးနဲ့ ဗမာပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုအသုံးချဖို့ပဲရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆွေးနွေးပါရစေ။ ကျွန်တော်တို့ အခုပြုပြင်ပြောင်းလဲမှုတွေဟာ သမ္မတကြီးဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ဆွေးနွေးမှုကနေစခဲ့တာပါ။ တကယ်ကိုပဲ သမ္မတကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ဆွေးနွေးအပြီးမှာ ပြည်သူလူထုက အစိုးရအပေါ် တိမ်းညွတ်မှုက သိသိသာသာပြောင်းလဲလာပါတယ်ခင်ဗျား။ ဒါဟာ ကောင်းတဲ့လက္ခဏာပါ။ ဒီလက္ခဏာကို ဆက်လက်ပြီးတော့ မြှင့်တင်သွားကြရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဟိုတစ်နေ့ကပဲ သမ္မတကြီးက နိုင်ငံခြားသတင်းထောက်တစ်ယောက်နဲ့တွေ့တဲ့အခါမှာ အမျိုးသားခေါင်းဆောင်ကြီး သမီးဖြစ်တဲ့အတွက်ကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးထဲက ဖယ်ထားလို့မရဘူးဆိုတဲ့စကားအတွက် ကျွန်တော်အလွန် အားရမိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ခေါင်းဆောင်ကောင်းတွေ့နေတဲ့အချိန်မှာ ခေတ်သစ်တစ်ခုကို ထူထောင်ဖို့အတွက် ညီညီညွတ်ညွတ်သမ္မတကြီးနှင့်တကွ ဒေါ်အောင်ဆန်းစုကြည်နှင့် ညီညီညွတ်ညွတ်နဲ့ ဆက်လက်ပြီးတော့ ဖော်ဆောင်သွားမယ်ဆိုရင် ကျွန်တော်တို့ လိုချင်တဲ့စစ်မှန်တဲ့ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်တဲ့ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်နိုင်တယ်လို့ ကျွန်တော်အတွေ့အကြုံနဲ့ရင်းပြီးတော့ အကြံပြုတင်ပြချင်ပါတယ်။ နိဂုံးချုပ်အနေနဲ့ပြောရရင်တော့ ရှမ်းတိုင်းရင်းသားခေါင်းဆောင်ကြီး ဦးတီခွန်မြတ်တင်သွင်းတဲ့ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေးကို ကာကွယ်သောဥပဒေပြဋ္ဌာန်းရေးအဆိုကို အလေးအနက်ထောက်ခံကြောင်းနဲ့ ဒါကိုအလေးအနက်စဉ်းစားပြီးတော့ ဆုံးဖြတ်ဆောင်ရွက်ပေးသင့်ပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်သီဟ(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟ ဖြစ်ပါတယ်။ ကျွန်တော် ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်က အဆိုတင်သွင်းတဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပြဋ္ဌာန်းရေးအဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ နိုင်ငံတိုင်းမှာ

နိုင်ငံသားတွေရဲ့အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေတွေရှိကြပါတယ်။ အလုပ်သမားလူတန်းစားအတွက်လည်း အလုပ်သမားလူတန်းစား၊ အလုပ်သမားတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေဆိုတာတောင်းကြပါတယ်။ တောင်သူလယ်သမားလူတန်းစားမို့လို့လည်း တောင်သူလယ်သမားအခွင့်အရေးကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေတွေ တောင်းကြပါတယ်။ ထို့နည်းဒ်းပဲ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ တိုင်းရင်းသားလူမျိုးတွေကလည်းပဲ ကျွန်တော်တို့တိုင်းရင်းသား ဗမာဟာလည်းပဲ တိုင်းရင်းသားမျိုးနွယ်စုထဲက တိုင်းရင်းသားတစ်စုဖြစ်ပါတယ်။ အဲဒီတော့ တိုင်းရင်းသားလူမျိုးများ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးဖို့အတွက် တိုင်းရင်းသားကိုယ်စားလှယ်ကနေပြီးတော့ တင်သွင်းတာကို ကျွန်တော်တို့ ဗမာအပါအဝင် တိုင်းရင်းသားအများစုက ရှေ့ကထောက်ခံဆွေးနွေးသွားတာကို ကျွန်တော့်အနေနဲ့လည်းထောက်ခံပါတယ်။ ကျွန်တော့်အနေနဲ့ အများကြီး ရှည်ရှည်ဝေးဝေးဆွေးနွေးမှာမဟုတ်ပါဘူး။ ကျွန်တော် ဒီထောက်ခံနေတဲ့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ပါတဲ့အတိုင်းပါပဲ ယနေ့ တိုင်းရင်းသားလူမျိုးနွယ်စုတွေ တင်တဲ့အဆိုဟာ ဘာဖြစ်လို့ တိုင်းရင်းသားအခွင့်အရေးကို တောင်းဆိုနေရသလဲဆိုတာမရလို့ပါ။ တိုင်းရင်းသားအခွင့်အရေးတွေ မညီမျှလို့ပါလို့ တိုင်းရင်းသားတွေ အပြောအဆိုအရသိနိုင်ပါတယ်။ ဘယ်နေရာမှာ တန်းတူညီမျှ အခွင့်အရေးမရတာလည်းဆိုရင် ပြည်သူ့ဝန်ထမ်းထမ်းဆောင်မှုမှာ တူညီတဲ့အခွင့်အရေးတွေ၊ အလုပ်လုပ်ကိုင်တဲ့အခါမှာ တူညီတဲ့အခွင့်အရေးတွေ၊ ကုန်သည်ရောင်းဝယ်ဖောက်ကားမှုတွေမှာလည်းပဲ တူညီတဲ့အခွင့်အရေးတွေ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှုမှာလည်း တူညီတဲ့အခွင့်အရေးတွေ၊ ဝိဇ္ဇာပညာ၊ သိပ္ပံပညာနဲ့ နည်းပညာရပ်မှာ ရှာဖွေဖော်ထုတ်မှုမှာလည်း တူညီတဲ့အခွင့်အရေးတွေရှိရမယ်ဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ တတ်နိုင်သလောက် ကျွန်တော်တို့ အခွင့်အရေးတွေမှာ ကျွန်တော်တို့ မညီမျှတာတွေ၊ မရတဲ့အခွင့်အရေးတွေမှာ မရတဲ့အချိန်မှာ တိုင်းရင်းသားလူမျိုးစုတွေက တောင်းဆိုပါတယ်။

လေးစားအပ်ပါတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ် အခြေခံထားပြီး တိုင်းရင်းသားလူမျိုးစုအားလုံး လက်တွဲညီညီ ခိုင်ခိုင်မာမာနဲ့ စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို ရောက်ဖို့ကတော့ ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်း အားလုံး ညီညီမျှမျှနဲ့ ဒီအခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေးကို ကျွန်တော်တို့ ပြဋ္ဌာန်းပေးနိုင်တယ်ဆိုရင် ကျွန်တော်တို့ စစ်မှန်တဲ့ဒီမိုကရေစီ ငြိမ်းချမ်းသာယာတဲ့ ကျွန်တော်တို့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို ရောက်မှာမလွဲဧကန်ဖြစ်ပါတယ်။ အဲဒီအတွက် ဒီအဆိုကို ထောက်ခံပါတယ်။ ကျွန်တော် ပြည်သူ့

လွှတ်တော်ထဲကို ရောက်လာတဲ့အချိန်မှာ ကျွန်တော့်စိတ်ထဲမှာလည်း အင်မတန်ဝမ်းသာပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသား လူမျိုးနွယ်စုအပေါင်းဟာ ဒီလောက်များများ တစ်နေရာထဲမှာ ကျွန်တော်တို့ နိုင်ငံအတွက် စုပြီးတော့မှ တွေ့ရတဲ့ ကိုယ့်စိတ်ထဲမှာ ရင်ထဲမှာ ခံစားချက်တွေကို ပွင့်ပွင့်လင်းလင်း ကျွန်တော်တို့ လွှတ်တော်ထဲမှာ ပြောခွင့်ရတာလည်းပဲ ကျွန်တော် ဒီနေရာမှာပဲ မြင်ဖူးပါတယ်။ အဲဒီအတွက်လည်းပဲ လွှတ်တော်ကို ကျွန်တော် အင်မတန် ဂုဏ်ယူဝမ်းသာစွာနဲ့ ကျွန်တော် တက်ရောက်နေခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အခု တက်ရောက်လာတဲ့ ပြည်သူ့လွှတ်တော်မှာ ရှိနေတဲ့ တိုင်းရင်းသားကိုယ်စားလှယ် အများစုဟာ လွှတ်တော်ထဲမှာ ရောက်နေတဲ့အချိန်ထဲက ကိုယ်စားပြုတာလည်း တိုင်းရင်းသားအဖွဲ့အစည်းတော်တော်များများကို ကိုယ်စားပြုတယ်လို့ မြင်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော် ဒီလွှတ်တော်အတွင်းမှာ ရောက်ရှိနေတဲ့ တိုင်းရင်းသားလူမျိုးအားလုံး ကျွန်တော်တို့ ဗမာအပါအဝင် အားလုံးဟာ ဒီလို လွတ်လွတ်လပ်လပ်နဲ့ ဒီလို ဆွေးနွေးပြီးတော့မှ ကျွန်တော်တို့ အဆိုပြုဌာန်းနိုင်တဲ့အတွက် တောင်းဆိုနိုင်တဲ့အတွက်လည်းပဲ ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တိုင်းရင်းသား ကိုယ်စားလှယ်အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဒီအဆိုကို ဒီပြဌာန်းနိုင်ဖို့ အတွက် ၂၀၁၅ မတိုင်ခင်အချိန်အတွင်းမှာ ကျွန်တော်တို့ တိုင်းရင်းသားတွေအားလုံး လက်တွဲညီညီနဲ့ သေသေချာချာ ရေးထိုးနိုင်ခဲ့ရင် ကျွန်တော်တို့အတွက် ဒီအဆို၊ ဒီဥပဒေ ပြဌာန်းလာနိုင်ခဲ့ရင်လည်းပဲ ကျွန်တော်တို့ ငြိမ်းချမ်းသာယာတဲ့ ကျွန်တော်တို့ နိုင်ငံကြီးခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ကျွန်တော်တို့ နိုင်ငံတော်ကြီး ဖြစ်မယ်ဆိုတာကို ကျွန်တော် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါရစေ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို ဆက်လက်မဆွေးနွေးခင် ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၃၀ နည်းဥပဒေခွဲ(စ) အားလုံးသတိပြုဆွေးနွေးစေလိုပါတယ်။ နည်းဥပဒေ ၁၃၀ နည်းဥပဒေခွဲ(င)နှင့် (စ)မှာ သာမန်အားဖြင့် ပုဂ္ဂိုလ်တစ်ဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ဖော်ပြချက်များမပါရှိရ။ နည်းဥပဒေခွဲ(စ) အဆိုတစ်ရပ်ကို ဆွေးနွေးရာတွင် ပြောဆိုချက်များသည် လွှတ်တော်တွင် ဆွေးနွေးဆဲအဆိုနှင့်သာ အတိအကျ သက်ဆိုင်စေရမည်ဆိုတဲ့ နည်းဥပဒေကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိလိုက်နာဖို့ လိုပါတယ်။ ထပ်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြပါမယ်။ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၃၀ နည်းဥပဒေခွဲ(င) သာမန်အားဖြင့် ပုဂ္ဂိုလ်တစ်ဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့် စပ်လျဉ်း၍ ဖော်ပြချက်များမပါရှိစေရ။ အကျင့်စာရိတ္တ အပြုအမူဆိုသည်မှာ ကောင်းတာဖြစ်စေ၊ ဆိုးတာဖြစ်စေ ဆိုလိုခြင်းဖြစ်ပါတယ်။ နည်းဥပဒေခွဲ(စ) အဆိုတစ်ရပ်ကို ဆွေးနွေးရာတွင် ပြောဆိုချက်များ သည်

လွှတ်တော်တွင် ဆွေးနွေးဆဲအဆိုနှင့်သာ အတိအကျသက်ဆိုင်စေရမည်။ ဒါလည်း လွှတ်တော်ကိုယ်စားလှယ်များ အားလုံးလွယ်ကူစွာနားလည်နိုင်တဲ့ ပြဋ္ဌာန်းချက်များ ဖြစ်ပါတယ်။ ဒါကြောင့် ရှေ့ဆက်ဆွေးနွေးတဲ့နေရာမှာ ဒီဆွေးနွေးချက်တွင် သက်သက်မဟုတ်ဘဲနဲ့ ရှေ့ဆက်လက်ဆွေးနွေးမယ့်ကိစ္စများမှာ လွှတ်တော် ဥပဒေ၊ နည်းဥပဒေများကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ တိကျစွာလိုက်နာဖို့ တိုက်တွန်းပြောကြားအသိပေးလိုပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းသူ (ဥတ္တရသီရိမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များခင်ဗျား။ ပြည်ထောင်စုရဲ့အကျိုးကို ကိုယ်စိတ်နှစ်ပါး ရှင်လန်းကျန်းမာစွာနဲ့ ထမ်းဆောင်ရွက်နိုင်ပါကြောင်း တောင်းဆုပြု၍ နှုတ်ခွန်းဆက်လိုက်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော် ဥတ္တရသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသူ ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာကတော့ ကွတ်ခိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်ရဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့နေရာမှာ ဥက္ကဋ္ဌကြီးပြောခဲ့တဲ့အတိုင်း လွှတ်တော်ဆိုင်ရာနည်းဥပဒေအရ တချို့အချက်အလက်တွေဟာ စာနှင့်မှတ်တမ်းတင်ထားတဲ့ အချက်တွေကို ဖြည့်စွက်ပြီးမှ စာဖတ်ပြီးမှ အကြောင်းအရာတွေကို ဆွေးနွေးရန်ခွင့်တောင်းပါရစေ။ ဒီလိုဆွေးနွေးတဲ့နေရာမှာ ကျွန်တော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုပြီးတော့ အားထည့်ဆွေးနွေးမှာဖြစ်တဲ့အတွက် အချို့စကားလုံးပါ အနက်အဓိပ္ပာယ်များကို အကောက်အယူမမှားဘဲ၊ သံသယမဖြစ်ဘဲ၊ ရည်ရွယ်ချက်ကောင်းများကိုသာ ဆွေးနွေးမှာဖြစ်တဲ့အတွက်ကို ခွင့်တောင်းပါရစေ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃ အရ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်ဆိုသည့် နိုင်ငံတော်၏ အခြေခံမူအရ လူနည်းစုတိုင်းရင်းသားလူမျိုးများ၏ အခြေခံရပိုင်ခွင့်အခွင့်အရေးများသည် လူများစုတိုင်းရင်းသားများ၏ အခွင့်အရေးအတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀ နှင့် အခန်း (၈)ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးအတိုင်း ခံစားခွင့်ရှိပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားဖြစ်ကြသော လူနည်းစုတိုင်းရင်းသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် ပုဒ်မ ၂၁ ပုဒ်မခွဲ(ဃ)အရ လိုအပ်သော ဥပဒေပြဋ္ဌာန်းရန် လိုအပ်နေပြီဖြစ်ကြောင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အသီးသီးက ရှုထောင့်စုံမှ ဆွေးနွေးသွားခြင်းလည်း ဖြစ်တယ်လို့

မှတ်ယူနိုင်ပါတယ်။ တကယ်တမ်း အမှန်တကယ်ဖြစ်သင့်တာက တိုင်းရင်းသားများအရေးနှင့် ပတ်သက်လျှင် တိုင်းရင်းသားလူမျိုးများ အချိုးကျအများဆုံးပါဝင်နေတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်အဆင့်မှ ဆွေးနွေးရင် ပိုသင့်တော်ပါတယ်လို့ မှတ်ယူပါတယ်။ သို့သော်လည်း ဒီလိုပြည်သူ့လွှတ်တော်အဆင့်မှာကိုက ဆွေးနွေးခွင့်ရတာကို လေးစားပြီး ကြိုဆိုထောက်ခံပါကြောင်း ပမာဏအနေနဲ့ ပြောကြားလိုပါတယ်။ ကိုယ်စားလှယ် အသီးသီးက တင်ပြသွားတဲ့အချက်တွေက တော်တော်ပဲ ပြည့်စုံနေတာကို တွေ့ရသလို ရှေ့ဆက် ဖြည့်စွက်ပြီးမှပဲ လိုအပ်ချက်တွေကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုပြီးမှ ဆွေးနွေးသွားမှာဖြစ်တဲ့အကြောင်း ထပ်မံ ပြောကြားပါရစေ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို စောင့်ရှောက်သည့်ဥပဒေတစ်ရပ် ပြဋ္ဌာန်းဆွေးနွေးရာမှာ လွှတ်တော်ထဲမှာရောက်နေတဲ့ တိုင်းရင်းသား ကိုယ်စားလှယ်တွေ ဆွေးနွေးတဲ့နေရာမှာ တော်တော်လေးကို တတ်နိုင်သမျှပေးထားတဲ့ နည်းဥပဒေ အချက်အလက် ဆွေးနွေးတဲ့နေရာမှာ ပွင့်လင်းသလောက် မပွင့်လင်းနိုင်တာတွေ့ရပါတယ်။ တစ်နည်းအားဖြင့် လူနည်းစုဖြစ်တဲ့ တိုင်းရင်းသားအများစုရဲ့ စိတ်ပညာသဘောအရ သိမ်ငယ်တဲ့ စိတ်အရ ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်း မပြောနိုင်တဲ့အနေအထားမျိုးတွေလည်း တွေ့နေရပါတယ်။ အဆိုရှင် ဦးတီခွန်မြတ်ရဲ့အဆိုမှာကိုက တိုင်းရင်းသားများအရေးအတွက်ကို အခွင့်အရေးကာကွယ်တဲ့ ဥပဒေပြဋ္ဌာန်းရာမှာ အဆိုရှင် ဦးတီခွန်မြတ်က တိုင်းရင်းသားတစ်ခုလုံးအတွက် အခွင့်အရေး ကာကွယ်နိုင်တဲ့ ဥပဒေဖြစ်ဖို့အတွက်ကို ပြည်ထောင်စုစနစ်တည်ဆောက်ပုံကို အဓိကထားပြီး တင်ပြသွားတယ်လို့ မှတ်ယူမိပါတယ်။ အထူးသဖြင့် အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့ တိုင်းရင်းသားလူမျိုးများအရေးနှင့် ပတ်သက်လို့ တည်ဆောက်ထားတဲ့စနစ်ကို တင်ပြသွားတဲ့ အနေအထားမှာ တွေ့ပါတယ်။ ဒါ အင်မတန် ကောင်းတဲ့အချက်ပါ။ ဒါဟာ တိုင်းရင်းသားများရဲ့ အခွင့်အရေးတစ်ခုလုံးကို ကာကွယ်ပေးနိုင်မယ့် ဥပဒေထက်စာရင် တိုင်းရင်းသားများ ဥမကွဲသိုက်မပျက်နဲ့ ထာဝရစည်းလုံးညီညွတ်နေတဲ့ နိုင်ငံတစ်ခုအဖြစ်ရောက်နိုင်တဲ့ ဖွဲ့စည်းတည် ဆောက်ပုံမျိုးကို အဆိုတင်ပြသွားတာ အင်မတန်ထောက်ခံဖို့ကောင်းသလို လေ့လာဖို့လည်း လိုအပ် နေပြီဆိုတဲ့အကြောင်း အသိပေးပါရစေ။ အိန္ဒိယနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံအပါအဝင် ဘာသာပေါင်းစုံ၊ အယူအဆပေါင်းစုံနှင့် ဖွဲ့စည်းထားတဲ့နိုင်ငံဖြစ်တဲ့အကြောင်းကိုလည်း အားလုံးသိပြီး ဖြစ်ပါတယ်။ ဒီလိုနိုင်ငံမျိုးမှာ တိုင်းရင်းသားပြိုကွဲရေးတစ်နည်းအားဖြင့် နိုင်ငံတော်ပြိုကွဲရေးဆိုတဲ့ ကိစ္စမျိုးမှာ မပေါ်လာဘဲနှင့် ကျွန်တော်တို့နှင့် လွတ်လပ်ရေး မရှေးမနှောင်းရခဲ့တဲ့ နိုင်ငံတစ်ခုဟာ

ဒီနေ့ထိအောင် တိုးတက်ဖွံ့ဖြိုးနေတာ အင်မတန် အတုယူစရာကောင်းလှပါတယ်။ ဒါကြောင့် အမှန်တကယ် တိုင်းရင်းသားများရဲ့ အခွင့်အရေးကို ကာကွယ်မယ်ဆိုရင် ပြည်ထောင်စုစနစ်နှင့် ဖွဲ့စည်းတဲ့ ပုံသဏ္ဌာန်ကို လေ့လာဖို့လည်းလိုသလို ပြဋ္ဌာန်းဖို့လည်းလိုပါတယ်။ အဲဒီအတွက် သာမန်ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ လွှတ်တော်နိုင်ငံရေးသက်တမ်းက နုပါသေးတယ်။ လွှတ်တော်တွင်းမှာလည်း ရောက်သင့်ရောက်ထိုက်တဲ့လူတွေ၊ ပါသင့်ပါထိုက်တဲ့လူတွေ အပြည့်အစုံမပါဝင်သေးတာကလည်း မငြင်းနိုင်တဲ့တရားပါ။ ပြည်သူ့လွှတ်တော်နှင့် လွှတ်တော်အသီးသီးဟာ လေးစားစရာ အင်မတန်ကောင်းပါတယ်။ ပြည်သူ့အသံတွေကို ဖော်ထုတ်ဖို့ နေရာတစ်ခုအနေနဲ့ ပြဋ္ဌာန်းပြီးလည်း ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်စသည့် အသီးသီးရဲ့အသံများကိုလည်း ပြည်သူတွေကို ကိုယ်စားပြုအရေးကြီးသလို တိုင်းရင်းသားပြည်သူအားလုံးကိုလည်း ကိုယ်စားပြုဖို့က အလွန်လိုအပ်နေပါတယ်။ သို့ပါ၍ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အထူးဖြည့်စွက်ပြောလိုတာကတော့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလဖြစ်သလို လွှတ်တော်တွေကိုလည်း ပြည်သူ့လွှတ်တော်၊ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒတွေ ဖော်ကျူးနေဖို့ တည်ဆောက်နေတဲ့ အခြေအနေမျိုးဖြစ်တယ်ဆိုတာကလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီကာလမှာ မပြည့်မစုံဘဲနဲ့ တစ်နည်းအားဖြင့် ပြည်သူ့အသံ၊ တစ်နည်းအားဖြင့် တိုင်းရင်းသားလူမျိုးတွေရဲ့ အသံဟာမပြည့်မစုံဘဲနှင့် ဥပဒေတစ်ရပ်ကို လွယ်လွယ်ကူကူပြဋ္ဌာန်းလိုက်တယ်ဆိုရင် နောင်မှာ လွှတ်တော်က ပြဋ္ဌာန်းချက်က လွှတ်တော်ရဲ့အနေအထားက တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပတ်သက်ရင် ပြောစရာ ဖြစ်လာပါမယ်။ ဒါကြောင့် အခုပြဋ္ဌာန်းဖို့ လိုအပ်တယ်ဆိုတဲ့ တိုင်းရင်းသားလူမျိုးများ အခွင့်အရေး ကာကွယ်တဲ့ဥပဒေသည် စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများအပြင် နိုင်ငံအရ အထူးလိုအပ်တောင်းဆို ခဲ့ကြသော အသိအမှတ်ပြုမှုဆိုတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်ရပ်တည်ခွင့် အခွင့်အရေးများကို နိုင်ငံတော်၏ အခြေခံမူ ၃ ရပ်နှင့် ၃ ချက်ဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ညီညွတ်မျှတသော အခွင့်အရေးတစ်ရပ်အဖြစ် သတ်မှတ်ပြဋ္ဌာန်း အဓိပ္ပာယ်ဖွင့်ဆိုပေးရန်လည်း အထူးလိုအပ်နေပါတယ်။ ဒီအတွက်ကို လွှတ်တော်ပြင်ပမှာ လွှတ်တော်ထဲ မရောက်လာသေးတဲ့ တိုင်းရင်းသားကိုယ်စား ပြုပါတီများ၊ အဖွဲ့အစည်းများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ကိုယ်စားလှယ်များရဲ့သဘောထား ရပ်တည်အမြင်များကိုလည်း နားထောင်ဖို့လိုပါတယ်။ ဒီလိုအခြေအနေမျိုးဖြစ်ဖို့အတွက်ကို ဥပဒေမပြဋ္ဌာန်းခင်မှာ တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ ပြည်ထောင်စုညီလာခံကြီး တစ်ရပ်ကလည်း လိုအပ်နေပြီဆိုတဲ့အကြောင်း ထင်မြင်မိပါတယ်။ ထို့အတွက် ဒီလိုညီလာခံကြီးမှာ

လည်း လွှတ်တော်ကိုယ်စားလှယ်တွေ အပါအဝင် အထူးသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာပိုင်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ခဲ့တဲ့ တပ်မတော်အင်အားစုဟာလည်း ပါဝင်ဖို့ အထူးအရေးကြီးပါတယ်။ တပ်မတော်ကိုယ်စားလှယ်များရဲ့ အသံနှင့်တကွ တိုင်းရင်းသားလူမျိုးများရဲ့ အကာအကွယ်အခွင့်အရေးအတွက် ကာကွယ်ပေးတဲ့ နေရာမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းဟာ အဓိကကျတဲ့အချက်ကို မမေ့သင့်ဘူးဆိုတာ အားလုံးသတိပြုဖို့ လိုပါတယ်။ ဒီလိုပြော လိုက်ရတာဖြင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးမှာ တသုံးလုံးဆိုတဲ့ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားများအရေး၊ တပ်မတော်၏ ပူးပေါင်းပါဝင်ရေးဟာ အရေးကြီးတဲ့အတွက် အခုလို ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်ရဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်တဲ့ ဥပဒေပြဋ္ဌာန်းရေးမှာ အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ကြပါရန် အလေးအနက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများလိုက်နာဆောင်ရွက်ရေးကို ရည်ညွှန်းပြီးလွှတ်တော်ကိုကျွန်တော်တင်ပြခဲ့ပါတယ်။ ၉၀ ဇ ၉ဝါဖြစ်နေမှာစိုးလို့ ကျွန်တော်ထပ်ပြီးတင်ပြပါ့မယ်။ ဆွေးနွေးသွားတဲ့အထဲမှာ ဦးအုန်းကြိုင်ရဲ့ဆွေးနွေး ချက်ကို လွှတ်တော်ဥက္ကဋ္ဌသေချာနားထောင်ပြီးတော့ ဥပဒေ၊ နည်းဥပဒေနှင့်ညီ၊ မညီ စိစစ်ပြီးတော့ လွှတ်တော်ကိုတင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒီလိုပဲ အခုကျွန်တော်ကနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများသိရှိနားလည်လိုက်နာဖို့ တင်ပြတဲ့နေရာမှာ ဥတ္တရသီရိမဲဆန္ဒနယ်က ဦးမင်းသူက ပဏာမစကားပြောကြားခွင့်တောင်းခဲ့တာရှိပါတယ်။ ဆွေးနွေးတဲ့နေရာမှာ လွှတ်တော်နဲ့ဆိုင်တဲ့ကိစ္စများပါတဲ့အတွက် ပိုမိုရှင်းအောင်ကျွန်တော် ကျန်တဲ့ပုဂ္ဂိုလ်များဆွေးနွေးတဲ့အခါမှာလည်းပိုမိုရှင်းအောင် ကြားဖြတ်ကျွန်တော်ရှင်းလင်းတင်ပြပါတယ်။ တင်ပြချက်မှာ လွှတ်တော်ထဲရောက်နေကြတဲ့ တိုင်းရင်းသားကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်ထဲမှာ ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်ခြင်းမရှိဘူးဆိုတဲ့အချက် ဒါနှင့်ပတ်သက်လို့ လွှတ်တော်ဥက္ကဋ္ဌ ကန့်ကွက်ပါတယ်။ သတိပေးပါတယ်။ ကြိုက်တဲ့တိုင်းရင်းသားတွေမေးကြည့်ပါ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒုတိယအချက် ဥပဒေပြုဖို့ကိစ္စသည် လွှတ်တော်ရဲ့အဓိကတာဝန်ဖြစ်တယ်။ ဒီနေ့ ဒီခေတ် ဒီစနစ်မှာ အရင်မရှိခဲ့တဲ့လွှတ်တော်ပေါ်ပေါက်ခဲ့ပါတယ်။ ဒီလိုပေါ်ပေါက်တဲ့နေရာမှာ

လွှတ်တော်ရဲ့အဓိကတာဝန်သည် ဥပဒေပြုရေးတာဝန်ဖြစ်ပါတယ်။ နောက်ဒုတိယတာဝန်က လွှတ်တော်က ပြဋ္ဌာန်းအတည်ပြုလိုက်သောဥပဒေများ သို့မဟုတ်ရင် တည်ဆဲဥပဒေများကို သက်ဆိုင်ရာတာဝန်ရှိတဲ့အဖွဲ့အစည်းများ နှင့် ပြည်သူတစ်ရပ်လုံးကလိုက်နာမှုရှိ၊ မရှိ။ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များကစောင့်ကြည့်ပြီး အချင်းချင်းအပြန်အလှန်ထိန်းကျောင်းဖို့ အဓိက တာဝန်၊ လွှတ်တော်မှာနှစ်ရပ်ရှိပါတယ်။ ဥပဒေပြုရေးနှင့်ပတ်သက်ပြီးတော့ ဒီကနေ့လွှတ်တော်က ဥပဒေပြုတယ်ဆိုတဲ့နေရာမှာ လွှတ်တော်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေတင်မဟုတ်ဘူး။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာနများကတင်ပြလာတဲ့ ဥပဒေကြမ်းများကို လွှတ်တော်မှာရှိကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အချင်းချင်းညှိနှိုင်းတိုင်ပင်ပြီးဆုံးဖြတ်ချက်ရယူ ဥပဒေပြုပါတယ်။ ဒါ့အပြင် ပြည်သူများဥပဒေကိုပြုတဲ့နေရာမှာ ပြည်သူများရဲ့ဆန္ဒ၊ ပြည်သူများရဲ့သဘောထား အကြံဉာဏ်များယူနိုင်ဖို့အတွက် ဒီနေ့ဥပဒေကြမ်းတစ်ရပ်တင်သွင်းတော့မယ်ဆိုရင် ပြည်သူများ သိနိုင်အောင် သတင်းစာများကထုတ်ပြန်ကြေညာပေးပါတယ်။ ဒါကြောင့်မို့ ဒီပြည်သူများကလည်း ဥပဒေပြုတဲ့လုပ်ငန်းမှာ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာနိုင်တာဖြစ်တယ်။ အနီးဆုံးဥပမာတစ်ခုအနေနဲ့ ပြောမယ်ဆိုရင် အမျိုးသားလွှတ်တော်မှာစတင်ဆွေးနွေးခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ဒီဥပဒေ နှင့်ပတ်သက်ပြီးတော့ မိမိတို့လွှတ်တော်ကော်မတီများနှင့် မိမိအပါအဝင် ရန်ကုန်မြို့ MICT ခန်းမမှာ ပြည်သူ့ကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူများတင်ပြတဲ့အသံကို မိမိတို့လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်တွေက သေသေချာချာ မှတ်သားပြီး သူတို့ရဲ့စိုးရိမ်မှု၊ ပူပန်မှုများဟာ၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကိုထိခိုက်နိုင်တယ်။ ဒါကြောင့်မို့လို့ မိမိတို့ ပြည်သူ့လွှတ်တော်ကဆွေးနွေးပြီး အမျိုးသားလွှတ်တော်ကိုပြန်လည်ပေးပို့ ထားတဲ့ဆွေးနွေးချက်များကို ပြည်သူ့လွှတ်တော်ကိုပြန်ပြီးတော့ပေးပါဆိုပြီးတော့ သက်ဆိုင်ရာကို မေတ္တာရပ်ခံတဲ့အခါမှာ အဲ့ဒီဥပဒေကြမ်းဟာ ဒီနေ့ပြည်သူ့လွှတ်တော်မှာ ပြန်လည်ဆွေးနွေးနေပါတယ်။ အဓိကဘာလဲဆိုရင် ပြည်သူများရဲ့ဆန္ဒ၊ ပြည်သူများရဲ့သဘောထား၊ ပြည်သူများရဲ့ဆန္ဒ၊ ပြည်သူများရဲ့ သဘောထားသည် နိုင်ငံနှင့် နိုင်ငံသားများရဲ့အကျိုးစီးပွားအတွက် ဖြစ်တယ်လို့တင်ပြတဲ့အတွက် မိမိတို့လွှတ်တော်မှာဆွေးနွေးနေခြင်းဖြစ်တယ်။ ဒါကြောင့်မို့လို့ ဥပဒေပြဋ္ဌာန်းတဲ့နေရာမှာ မိမိတို့ လွှတ်တော်အနေနဲ့ အများပြည်သူရဲ့သဘောထားဆန္ဒများကိုယူပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကဆောင်ရွက်နေတယ်ဆိုတာကိုလည်း ခုနက အသစ် ရောက်ရှိလာတဲ့ ဦးမင်းသူ၊ ဥတ္တရသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကိုလည်း

အသိပေးရင်းနှင့် ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးခြင်းပဲဖြစ်ပါတယ်။ ပြီးရင် လွှတ်တော်ကပြဋ္ဌာန်းပေးရမယ့်ဥပဒေအစား တိုင်းရင်းသားကိုယ်စားလှယ်များရဲ့ပြဋ္ဌာန်းဖို့လိုတဲ့ အသိပေးဖို့လိုတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ ရှင်းအောင်ထပ်ပြီးတော့ပြောချင်ပါတယ်။ ဒီနေ့ ပြည်သူ့လွှတ်တော်ထဲမှာ မြို့နယ် ၃၃၀ ကကိုယ်စားပြုထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေပါပါတယ်။ ပြီးတဲ့အခါမှာ တပ်မတော်သားကိုယ်စားလှယ်တွေပါပါတယ်။ ဒါကြောင့် သက်ဆိုင်ရာနယ်မြေအသီးသီးမှာရှိကြတဲ့ ပြည်သူများကိုကိုယ်စားပြုတဲ့ ပြည်သူ့ကိုယ်စားလှယ်များဟာ တစ်နိုင်ငံလုံးလွှမ်းခြုံပြီးတော့ ဒီလွှတ်တော်ထဲမှာရောက်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့ ဒီခေတ်ဒီကာလမှာပေါ်ပေါက်ခဲ့တဲ့လွှတ်တော်၊ လွှတ်တော်ရဲ့လုပ်ငန်းတာဝန်များကျေပွန်ဖို့ဆိုရင် ဒီထဲမှာရှိကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက တာဝန်ခံ၊ တာဝန်ယူဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေပြုရေးကိစ္စမှာ အချိန်ကိုလည်းစောင့် တစ်ဖက်ကလည်းပြုသင့်တဲ့ဥပဒေများကို အချိန်မီပြုစုဖို့လိုပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ လွှတ်တော်စတင်ဖွဲ့စည်းကတည်းကိုက လွှတ်တော်အနေနဲ့တည်ဆဲဥပဒေများကိုပြန်လည်သုံးသပ်ပြီး ဘယ်ဥပဒေကပြင်ဆင်ရမယ်။ ပယ်ဖျက်ရမယ်။ ဘယ်ဥပဒေကိုတော့အစားထိုးရမယ်။ အသစ်ပြဋ္ဌာန်းရမယ်ဆိုတဲ့ခံယူချက်နဲ့ ဥပဒေပြုရေးလုပ်ငန်းများကို မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ ကြိုးစားပမ်းစားဆောင်ရွက်နေတယ်။ အဲ့ဒီလိုဆောင်ရွက်တဲ့နေရာမှာ အသစ်ရောက်ရှိလာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များလည်း အရင်ရောက်နှင့်ပြီးသားဖြစ်တဲ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားဖို့ထပ်မံ တိုက်တွန်းပြောကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်ဆွေးနွေးဖို့ဖြစ်ပါ တယ်။

**ဦးရွှေမောင်(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သရင်းဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်ဖြစ်ပါတယ်။ ၂၀၁၂ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့က ကွတ်ခိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်တင်သွင်းခဲ့သော တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပြဋ္ဌာန်းရေးအဆိုကို ကျွန်တော့်အနေနဲ့ထောက်ခံရင်း အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကိုးကားချက်များပါနေတဲ့အတွက်

ဖတ်ရှုဆွေးနွေးခွင့်ပြုပါရန် ရိုသေစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်နေသောအချိန်ဖြစ်ပါတယ်။ လွှတ်တော်တွင် ခေတ်နှင့်လိုက်လျောညီထွေမဖြစ်တော့သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အဟန့်အတားဖြစ်စေသောဥပဒေများကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ နိုင်ငံတော်နှင့် ပြည်သူများအတွက်အကျိုးရှိသော ဥပဒေသစ်များပြဋ္ဌာန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ပြုလုပ်နေသည်မှာ အင်မတန်မှအားရကြည်နူးစရာဖြစ်ပါတယ်။ အဲ့ဒီလို ဥပဒေများပြဋ္ဌာန်းရာတွင် နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင်များဖြစ်သော တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရေးမှာ လွန်စွာမှအရေးကြီးကြောင်း လွှတ်တော်သို့တင်ပြလိုပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) နိုင်ငံတော်အခြေခံမူများပုဒ်မ ၃ တွင် နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၂၂ တွင် နိုင်ငံတော်သည် (က) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဥ်ကျေးမှုတို့ကိုဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။ (ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်ကူညီဆောင်ရွက်မည်။ (ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်များကို တိတိကျကျမှန်မှန်ကန်ကန် အကောင်အထည်ဖော်နိုင်ရေးအတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းဖို့လိုအပ်ပါတယ်။ ဒီလို ဥပဒေတစ်ရပ်ပြဋ္ဌာန်းရုံဖြင့် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများအားလုံးကို ကာကွယ်စောင့်ရှောက်ဖို့အတွက် လုံလောက်ပြီလား၊ အခွင့်အရေးများနှင့်ပတ်သက်၍ တည်ဆဲဥပဒေတွေမှာ ဘာတွေပြဋ္ဌာန်းထားသလဲ၊ အဲဒါတွေကို ပြင်ဆင်၊ ဖြည့်စွက်ဖို့လိုသလား၊ ဆန်းစစ်ဖို့လိုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) နိုင်ငံတော်အခြေခံမူများပုဒ်မ ၄ တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်ဟူ၍လည်းကောင်း၊ အခန်း (၈) နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များပုဒ်မ ၃၄၅ တွင် အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့်ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏နိုင်ငံသားများဖြစ်ကြသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူ၊ (ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူဟူ၍လည်းကောင်း ပုဒ်မ ၃၄၈ တွင် နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကိုအကြောင်းပြု၍ ခွဲခြားမှုမရှိစေရဟူ၍လည်းကောင်းဖော်ပြထားပါတယ်။ တဖန်ပုဒ်မ ၃၈၇ တွင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံးအေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်ဟု တိတိကျကျဖော်ပြထားပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်စောစောကတင်ပြသွားတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မများအရ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပါ တိုင်းရင်းသားလူမျိုးများနှင့် မျိုးနွယ်စုများဆိုင်ရာပြဋ္ဌာန်းချက်၊ နိုင်ငံသားများဆိုင်ရာပြဋ္ဌာန်းချက်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမှုရှိ၊ မရှိကိုသုံးသပ်ဖို့လိုအပ်ပါလိမ့်မယ်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၃ တွင် နိုင်ငံတော်တွင်ပါဝင်သောနယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ်မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ်အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားဖြစ်သည်ဟုလည်းကောင်း၊ တစ်ခါ အဲ့ဒီ နိုင်ငံသားဥပဒေပုဒ်မ ၄ တွင် မည်သည့်မျိုးနွယ်စုသည် တိုင်းရင်းသားဖြစ်သည်၊ မဖြစ်သည်ကို နိုင်ငံတော်ကောင်စီကဆုံးဖြတ်နိုင်သည်။ ပုဒ်မ ၅ တွင် တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည်လည်းကောင်း မွေးရာပါနိုင်ငံသားဖြစ်သည်ဆိုပြီး ဖော်ပြထားတာကိုတွေ့ရှိရပါတယ်။ တစ်ခါ ၁၉၈၃ခုနှစ် နိုင်ငံသားနည်းဥပဒေများတွင် ၁၈၂၃ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံသို့လာရောက်နေထိုင်သူများသည် တိုင်းရင်းသားမျိုးနွယ်စုများ၏ လူမျိုးအမည်များနှင့်တူနေစေကာမူ ထိုသူများသည်တိုင်းရင်းသားမဟုတ်ပါလို့ ရှင်းရှင်းလင်းလင်းဖော်ပြထားတာတွေ့ရပါတယ်။ တဖန် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၈ (ခ) တွင် နိုင်ငံတော်ကောင်စီသည် နိုင်ငံတော်၏အကျိုးငှာ မွေးရာပါနိုင်ငံသားမှအပ မည်သူကိုမဆို နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ်မှ ရုပ်သိမ်းနိုင်သည်ဟုဆိုထားပြန်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာကတော့ တည်ဆဲမြန်မာနိုင်ငံသားဥပဒေမှာပါတဲ့ ၁၈၂၃ ခုနှစ်ဆိုသောသက္ကရာဇ်မှာယနေ့အချိန်မှာဆိုရင် လွန်ခဲ့သောနှစ်ပေါင်း

၁၉၀ လောက်ရှိပါတယ်။ ရာစုနှစ် နှစ်ခုနီးပါးလောက်အချိန်က အထောက်အထားတင်ပြရန်မှာ မလွယ်ကူသောကြောင့် တိုင်းရင်းသားတစ်ဦးဦးအား ၁၈၂၃ မတိုင်မီ မြန်မာနိုင်ငံသို့လာရောက်နေထိုင်ကြောင်း အထောက်အထားတင်ပြနိုင်မှ တိုင်းရင်းသားအဖြစ်အသိအမှတ်ပြုရမယ်ဆိုရင် ထိုပုဂ္ဂိုလ်သည် တိုင်းရင်းသားဖြစ်ပါလျက် တိုင်းရင်းသားဖြစ်မှုဆိုသောအခွင့်အရေးကို ဆုံးရှုံးသွားမည်မှာဧကန်မုချပါ။ ထိုပုဂ္ဂိုလ်ဟာ တိုင်းရင်းသားအဖြစ်အသိအမှတ်ပြုမခံရသောကြောင့် နိုင်ငံသားဥပဒေပုဒ်မ ၅ အရ မွေးရာပါနိုင်ငံသားဟု အသိအမှတ်ပြုခြင်းမခံရသည့်အပြင် အခန့်မသင့်ရင် ပုဒ်မ ၈(ခ) အရ နိုင်ငံသားအဖြစ်မှတောင်ရုပ်သိမ်းခြင်းခံရနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေသည် တိုင်းရင်းသားလူမျိုးများအားလုံး၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည်ဟု အတိအကျမပြောနိုင်ပါ။ ဒါ့အပြင် ၁၉၈၃ ခုနှစ် နိုင်ငံသားဥပဒေလုပ်ထုံးလုပ်နည်းများအရ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေါ်တွင် လူမျိုး၊ ဘာသာနှင့် အလုပ်အကိုင်များကိုဖော်ပြထားခြင်းသည် လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်းစသည်တို့ကိုအကြောင်းပြု၍ ခွဲခြားမှုမရှိစေရဟူသော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၈ နှင့် လိုက်လျောညီထွေမှုရှိ၊ မရှိ စဉ်းစားစရာဖြစ်နေပါသည်။ မည်သည့် တိုင်းရင်းသားလူမျိုးဖြစ်သည်၊ မည်သည့် ဘာသာကို ကိုးကွယ်သည်ဆိုတာကို နိုင်ငံသားစိစစ်ရေးကတ်ပြားများပေါ်တွင်မဖော်ပြဘဲ နိုင်ငံတော်ရဲ့လိုအပ်ချက်အရသိရှိလိုပါက သက်ဆိုင်ရာဌာနမှတ်တမ်းများတွင် ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ Computer Database စနစ်ဖြင့် ကိုယ်ရေးအချက်အလက်များထိန်းသိမ်းထားပါက သက်ဆိုင်ရာမှအလွယ်တကူရှာဖွေနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တိုင်းရင်းသားလူမျိုးများ၏ အခြေခံအခွင့်အရေးမဆုံးရှုံးစေရန်အတွက် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို ခေတ်သစ်စနစ်သစ်နှင့်လိုက်လျောညီထွေဖြစ်အောင် ယုတ္တိရှိအောင်၊ လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့်ကိုက်ညီအောင်ပြင်ဆင်ပြီး ကွတ်ခိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ် အဆိုတင်သွင်းခဲ့သည့်အတိုင်း တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးသင့်ပါကြောင်း ဤလွှတ်တော်သို့ အလေးအနက်ထား အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်၏ Good governance (ကောင်းမွန် သောအုပ်ချုပ်ရေး)၊ Clean government (သန့်ရှင်းသောအစိုးရ) ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခံရသူများသည်၎င်းတို့၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၇ ကို ဆက်လက်ဆွေးနွေးပါ့မယ်။ အကယ်လို့ အစီအစဉ် ၇ ဆွေးနွေးပြီးလို့ အချိန်မီမယ်ဆိုရင်တော့ အစီအစဉ် ၆ အပိုဒ်ခွဲ(ဇ)(ဈ)များဆက်လက်ဆောင်ရွက်မှာဖြစ်ကြောင်း ကြိုတင်အသိပေးပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပုသိမ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် အား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံးမင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ (Good Governance) ကောင်းမွန်သောအုပ်ချုပ်ရေး၊ (Clean Government) သန့်ရှင်းသောအစိုးရဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခံရသူများသည် ၎င်းတို့ရဲ့ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရန်အဆိုကိုတင်သွင်းမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးက မိမိတို့အစိုးရဟာ ကောင်းမွန်တဲ့အုပ်ချုပ်ရေး (Good governance)ကို ဖော်ဆောင်လျှက်ရှိပါတယ်။ သန့်ရှင်းတဲ့အစိုးရ (Clean government) ဖြစ်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်လို့ပြောကြားခဲ့ပါတယ်။ အလွန်မွန်မြတ်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ တိုင်းသူပြည်သားများကလည်း မျှော်လင့်စောင့်စားလျက်ရှိကြပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်အရေးတကြီးလိုအပ်ချက်လည်းဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်နဲ့လည်း လိုက်လျောညီထွေလည်းရှိပါတယ်။ ပြည်သူလူထုအကျိုးကို

သယ်ပိုးရာမှာကျင့်ထုံးတစ်ခုဖြစ်လာပါမယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ဒီအဆိုကိုတင်သွင်းရခြင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရဆိုတာ ပြည်သူ့ ကိုယ်စား ပြည်သူတို့ကအပ်နှင်းထားတဲ့ အုပ်ချုပ်ရေးအာဏာကို ပြည်သူတို့အကျိုးအတွက် ထမ်းဆောင်ကြသူများဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်တို့ရဲ့ပွင့်လင်းမြင်သာမှု (Transparency)၊ တာဝန်ခံမှု (Accountability) တို့ဟာ တိုင်းပြည်တစ်ခုရဲ့အနာဂတ်လည်းဖြစ်ပါတယ်။ ကောင်းမွန်တဲ့အုပ်ချုပ်ရေး နှင့် သန့်ရှင်းတဲ့အစိုးရဖြစ်ဖို့ဆိုရင် ဒီမိုကရက်တစ်ထိန်းကျောင်းမှုများ (Democratic Check and Balance) ရှိဖို့လိုပါတယ်။ ဒီမိုကရေစီနိုင်ငံများမှာ ယခုကဲ့သို့ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင် ထားခြင်းဟာ ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါတယ်။ အစိုးရတစ်ရပ်ကို လမ်းကြောင်းမှန်ပေါ်မှတိမ်းချော် မသွားစေရန် ထိန်းကျောင်းပေးမှုလည်းဖြစ်ပါတယ်။

အစိုးရအဖွဲ့နှင့် ပြည်သူလူထုအကြား ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ခံမှုရှိခြင်းတို့ကြောင့် ယုံကြည်မှုရှိလာမှာဖြစ်ပါတယ်။ ယုံကြည်မှုရှိလာသည်နှင့်အမျှ အစိုးရအဖွဲ့ရဲ့လုပ်ငန်းများမှာ ပြည်သူ လူထုပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိလာမှာဖြစ်ပါတယ်။ အစိုးရတစ်ရပ်ဟာ ပြည်သူများရဲ့ယုံကြည်မှုနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပေါ်မှာမူတည်နေပါတယ်။ တိုင်းပြည်ရဲ့မည်သည့်အရေးကိစ္စများတွင် မဆို ပြည်သူလူထုရဲ့ လွတ်လပ်တဲ့စိတ်ဆန္ဒအရ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းမရှိပါက မည်သို့မျှ အောင်မြင်မှုမရနိုင်ပါ။ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ အားကောင်းလာသည်နှင့်အမျှ ပြည်သူလူထုက ဥပဒေကိုလေးစားလိုက်နာမှု၊ အုပ်ချုပ်ရေးအဖွဲ့အပေါ်ကျေနပ်အားရမှုတို့တိုးပွား လာမှာဖြစ်ပါတယ်။ နိုင်ငံသားတာဝန် (Civic Duty) ကိုလည်း ကျေပွန်စွာထမ်းဆောင်ကြမှာ ဖြစ်ပါတယ်။ ဒီအခါမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရက်တစ်တန်ဖိုးများ (Democratic Values) လည်း မြင့်မားလာမှာဖြစ်ပြီး စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မှာဖြစ်တဲ့အတွက် ဒီအဆိုကိုတင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါ တယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်။ သန့်ရှင်းသော အစိုးရ ဖြစ်မယ်ဆိုရင် သန့်ရှင်းသောအစိုးရအဖွဲ့ဝင်များဖြစ်ရန် အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်က ပုသိမ်မဲဆန္ဒနယ်က ဦးဝင်းမြင့်ရဲ့ သန့်ရှင်းသောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေး

အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခံရသူများသည် ၎င်းတို့ရဲ့ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် အကျိုးစီးပွားများကိုထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရန်ဆိုတဲ့အဆိုကို လွှတ်တော်မှာဆွေးနွေးနိုင်ဖို့အတွက် ထောက်ခံပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုသိမ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုကိုလက်ခံဆွေးနွေးရန်သင့်၊ မသင့်လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူပါ့မယ်။ ဦးဝင်းမြင့်တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုသိမ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့ ၁၃း၀၀ နာရီအချိန် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြဖို့ဖြစ်ပါတယ်။

## ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်၏ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၆ အပိုဒ်ခွဲ(ဇ)ကို ဆက်လက်ဆွေးနွေးပါ့မယ်။ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်တင်(လဲချားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ လဲချားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းမောင်တင် ဖြစ်ပါတယ်။ မိမိ ဆွေးနွေးလိုတဲ့ အချက်များကတော့ သုံးချက်ပဲ ရှိပါတယ်။ အောက်ပါအတိုင်းဖြစ်ပါတယ်။ (၁) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသားများရဲ့ မူလအခွင့်အရေးများနှင့် တာဝန်များ အခန်းမှာပါရှိတဲ့ ပုဒ်မ ၃၄၇၊ ၃၄၈၊ ၃၄၉၊ ၃၅၂ တို့မှာ နိုင်ငံသားများနှင့် ပတ်သက်ပြီး တန်းတူညီမျှ အခွင့်အရေးပေးထားပြီး ဖြစ်ပါတယ်။ သို့သော် အတိတ်သမိုင်းအတွေ့အကြုံအရ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် နိုင်ငံသားများရဲ့ မူလအခွင့် အရေးများနှင့် တာဝန်များပါရှိသော်လည်း အခြေအနေအကြောင်းကြောင်း အရပ်ရပ်ကြောင့် တိုင်းရင်း သားများရဲ့ တန်းတူညီမျှအခွင့်အလမ်းများ ဆုံးရှုံးခဲ့ရပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်ပါရှိ သော်လည်း လျစ်လျူရှုမခံရလေအောင် ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ စာပေ၊ အနုပညာ၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ရာထူးခန့်ထားရေးများ အပါအဝင် တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးများကို တန်းတူညီမျှ ခံစားရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ဥပဒေများတွင် ပြဋ္ဌာန်းပေးနိုင်ရန် လိုအပ်လှပါတယ်။ မိမိပြောသွားတဲ့ တိုင်းရင်းသားများ ဆိုတဲ့အထဲမှာ ဗမာတိုင်းရင်းသားလည်းအပါအဝင် ဖြစ်တယ်ဆိုတာလည်း သတိချက်စေလိုပါတယ်။ (၂) ပါတီစုံ ဒီမိုကရေစီစနစ်ကျင့်သုံးပြီး ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းထားတဲ့ မိမိတို့နိုင်ငံမှာ ပြည်သူပြည်သားများ အားလုံး၊ တစ်ဦးကိုတစ်ဦး ယုံကြည်မှု၊ ပွင့်လင်းမြင်သာမှု၊ ရိုးသားမှု၊ သစ္စာရှိမှု၊ စိတ်ထားဖြူစင်မှု ရှိရ မည့်အပြင် တန်းတူညီမျှရေး၊ တိုင်းရင်းသားအချင်းချင်း ပြန်လည်စည်းလုံးညီညွတ် သင့်မြတ်ရေး၊ ထာဝရ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးတို့သည်လည်း တိုင်းရင်းသားလူမျိုး အသီးသီးတို့၏ အခွင့်အရေး၊ စာပေ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ကာကွယ်စောင့်ရှောက် အသိအမှတ်ပြု လေးစားမှုများပေးမှသာလျှင် ရရှိနိုင်မည်ဖြစ်ကြောင်း ရိုးသားစွာ ယုံကြည်မိပါတယ်။ (၃) ဒီအဆိုကို ကျွန်တော်တို့ လွှတ်တော်ကထောက်ခံအတည်ပြုပြီးပါက ယခင်ခေတ်အဆက်ဆက်က ရေးသား ပြောဆိုခဲ့တဲ့ ယခုထက်တိုင် ပြောဆိုရေးသားနေကြတဲ့ ဒို့တာဝန်အရေးသုံးပါးကို အကောင်အထည်ဖော် ရာ၌ အရေးကြီးသော အချက်တစ်ခုဖြစ်မယ်လို့ ယုံကြည်မိပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်၊

ကွတ်ခိုင်မဲဆန္ဒနယ်က ဦးတီခွန်မြတ် တင်သွင်းထားတဲ့အဆိုကို လေးနက်ယုံကြည်စွာ ထောက်ခံပါကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းကျော်မြင့်(မိုးနဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးနဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မြင့် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်ရဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို အချိန်ကိုလေးစားသောအားဖြင့် ဥပဒေများကို ချန်လှပ်ပြီး အနည်းငယ်မျှဆွေးနွေးမည် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အရင်ခေတ်က ကျွန်တော့်အရပ်ဒေသ၌ ရပ်ကွက်ကျေးရွာများတွင် အလှည့်ကျကင်းတဲစောင့်အိပ်ရခြင်း၊ မော်တော်ကားလမ်းဘေးတစ်ဖက်တစ်ချက်၌ ချုံတောများကို နီးစပ်ရာ ရွာသူရွာသားများက ခုတ်ထွင်ရှင်းလင်းခြင်း၊ တစ်အိမ်လျှင် ဝါးနှစ်လုံးစီထမ်းသွားပြီး လုံခြုံရေးတပ်ဖွဲ့ရဲ့ ကင်းတဲစခန်း ခြံစည်းရိုးများကိုကာရံခြင်း၊ မိမိထမင်းထုပ်ဖြင့် တစ်အိမ်တစ်ယောက် မီးရထားလမ်းဖောက်လုပ်အားပေးခြင်းစသည်တို့သည် ဒေသခံတိုင်းရင်းသားများကဥပဒေဟု အသိအမှတ်ပြုထားပါသည်။ ဥပဒေကို ကြောက်ကြတယ်။ ဥပဒေဆိုတာ သူတို့ကို နှိပ်ကွပ်ဖို့ဆိုပြီး ထင်နေကြတယ်။ အဲဒါနဲ့ပဲ သူတို့ရဲ့ လူမှုစီးပွားရေးဘဝအခွင့်အရေးကို ကာကွယ်သည့် ဥပဒေမရရှိ၍ အိမ်နီးချင်းနိုင်ငံသို့ သွားရောက်အလုပ် လုပ်ကြရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ၊ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်ဟုဆိုသဖြင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှ မကြာခဏ ပြောကြားသည့် လူမျိုးစွဲ၊ ဒေသစွဲ၊ ဘာသာစွဲမထားရှိဘဲ နယ်စွန်နယ်ဖျားတိုင်းရင်းသားများ၏ အခွင့်အရေး တန်းတူရည်တူရရှိရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရန် လိုအပ်ပါသည်။ တရားဥပဒေစိုးမိုးရေးသည် ထိပ်ဆုံးနား၌ ပါဝင်နေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်အောင်ဆန်းစုကြည်မှ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်ရေး တိုင်းရင်းသားများနေထိုင်ရာ ပြည်နယ်များအလိုက် ဆင်းရဲ

မဲ့တေမှုရာခိုင်နှုန်း ဖော်ပြချက်များနှင့် ပင်လုံစိတ်ဓာတ်နှင့်ယှဉ်တွဲလျက် အဆင့်အတန်းခွဲခြားမှု မထားရှိဘဲ တန်းတူရည်တူအခွင့်အရေးထားရှိရေး ပြောကြားချက်များအတွက် အထူးမှတ်သားပြီး ကျေးဇူးလည်း တင်ရှိပါသည်ခင်ဗျား။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကိုပြဋ္ဌာန်းခြင်းဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီတို့၏ ထာဝစဉ်တည်တံ့ခိုင်မြဲသော ပြည်တွင်းငြိမ်းချမ်းရေးဖြစ်တည်တိုးတက်မှုကို အထောက်အကူပြုရန်နှင့် အချိန်အခါကိုက်ညီမှုရှိခြင်း၊ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်များ၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်စသော နိုင်ငံတကာအဖွဲ့အစည်းကြီးများက အသိအမှတ်ပြုပြီး ဆက်ဆံရေး ပိုမိုကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံရေးအဟန့်အတားနှင့် စီးပွားရေးပိတ်ဆို့အရေးယူမှုများ ဖယ်ရှားကင်းလွတ်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီး၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်ရန်သော်လည်းကောင်း၊ သစ်တော၊ သတ္တု၊ ဇီဝမျိုးစုံမျိုးကွဲပေါ်များတဲ့ တိုင်းရင်းသားဒေသများတွင် ယင်းသဘာဝသယံဇာတများ ရေရှည်တည်တံ့မှုနှင့် ထိရောက်စွာ၊ အကျိုးရှိစွာ အသုံးချမှုကို အချိန်မီပြဋ္ဌာန်းလိုက်နာရန်သော်လည်းကောင်း၊ နိုင်ငံတော်မှ လက်ရှိချမှတ်ထားသည့် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိုင်းရင်းသားပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်မှု (All Inclusive Politie and Economic Activity) ကို ရယူကာ စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံ ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ထာဝရတည်တံ့အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါတယ်။ သို့ပါ၍ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်ရဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဥပဒေပြဋ္ဌာန်းရေးအဆိုကို အလေးအနက်ထား ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

(သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅) ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၄) ရက်မြောက်နေ့ လွှတ်တော်အစည်းအဝေးကို ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂ း ၀၀ ။**

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ၁၂း၀၀ နာရီတွင် ရပ်နားပါသည်။]